# ကြေးမုံ
**The Mirror**

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (21-1-2008) (၂၅၆၉)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာနိုင်ငံဆေးဝါးစက်ရုံ(အင်ရောင်း) ဖွင့်လှစ်တည်ထောင်လိုက်သည့်အတွက် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါးပစ္စည်းများ လွယ်ကူစွာ ရယူသုံးစွဲနိုင်မည် ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှု နည်းစဉ်များဖြင့် ထုတ်လုပ်မည်ဖြစ်၍ အရည်အသွေးမြင့်မားမည်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၀

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

**ကြိုဆို**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြပြီး မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကျောက်ဆည်မြို့ ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ စက်ရုံအရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆင်အကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**


**ကြေးမုံ The Mirror ယနေ့ သတင်းအညွှန်း**

**ကမ္ဘာ့ဘဏ် အဆောက်အအုံ ဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခံရ သတင်းနှင့် အမေရိကန်၊ ကင်ညာ၊ ပါကစ္စတန်၊ ထိုင်းနှင့် အီရတ်သတင်းများ** — စာမျက်နှာ – ၄၊ ၅

**အိန္ဒိယကျေးရွာ ရိုးရာလက်ရွေးပွဲ ကြယ်လင်းအောင်နှင့် ရန်ကြီးအောင် ထိုးသတ်မည်** — စာမျက်နှာ – ၆

**မှုခင်း သတင်းများ** — စာမျက်နှာ – ၁၀


**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၁-၁-၂၀၀၈
(တနင်္လာနေ့)

# အိုင်အိုဒင်းဓာတ်ချို့တဲ့မှုပပျောက်ရေး တိုးမြှင့်ပညာပေး

အိုင်အိုဒင်းဓာတ် ချို့တဲ့မှုသည် လူအများ၏ ကျန်းမာရေးကို ထိခိုက်စေသည့် အကြောင်းရင်းတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအချို့ရှိ ပြည်သူအများအပြားသည် ပတ်ဝန်းကျင် ရေမြေ သဘာဝအခြေအနေ ပြောင်းလဲမှုများအရ အိုင်အိုဒင်းဓာတ် ချို့တဲ့လာမှုများနှင့် ရင်ဆိုင်နေကြရသည်။

ကလေးသူငယ်များ၌ အိုင်အိုဒင်းအာဟာရ ချို့တဲ့ပါက ခန္ဓာကိုယ်စံချိန်မီ မကြီးထွားနိုင်ဘဲ သေးကွေးပုညက်နေခြင်း၊ ဉာဏ်ထိုင်းခြင်းနှင့် လည်ပင်းကြီးရောဂါဖြစ်ခြင်းတို့ ဖြစ်ပွားနိုင်သည်။အိုင်အိုဒင်းအာဟာရဓာတ် ချို့တဲ့သော လူကြီးများတွင်မူ လည်ပင်းကြီးရောဂါနှင့် သွက်လက်ဖျတ်လတ်မှုမရှိခြင်း၊ ထုံထိုင်းနှေးကွေးခြင်းစသည့် ရောဂါများ ဖြစ်နိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များ၌ အိုင်အိုဒင်းအာဟာရဓာတ် ချို့တဲ့ပါက ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ ခြေလက်မသန်စွမ်းသောကလေးနှင့် ဆွံ့အနားမကြားသောကလေးများ မွေးဖွားတတ်ကြောင်း သိရသည်။

အိုင်အိုဒင်းအာဟာရဓာတ် ကြွယ်ဝသော ပင်လယ်ငါး၊ ပင်လယ်ပုစွန်နှင့် ကျောက်ပွင့်စသည့် ပင်လယ်ထွက်အပင်များ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံနှင့် အိုင်အိုဒင်းဆားတို့ကို ကျန်းမာရေးအတွက် နေ့စဉ် စားသုံးကြရန် လိုအပ်သည်။

ယခင်က တောင်ပေါ်ဒေသများတွင်သာ အိုင်အိုဒင်းဓာတ်ချို့တဲ့သည့် ရောဂါများ ဖြစ်ပွားခဲ့သော်လည်း နောက်ပိုင်းတွင် မြေပြန့်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့အထိ ဖြစ်ပွားလာခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံးတွင် အိုင်အိုဒင်းဆားကို ကျယ်ကျယ်ပြန့်ပြန့် စားသုံးလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ အိုင်အိုဒင်းဆား စားသုံးမှု ၉၀ ရာခိုင်နှုန်းကျော် ရှိနေပြီဖြစ်သည်။

အိုင်အိုဒင်းဆား ထုတ်လုပ်သူများက အရည်အသွေးမီဆားများ ထုတ်လုပ်၍ တောင်ပေါ်ဒေသနှင့် ကျေးလက်ဒေသများအရောက် ဖြန့်ဖြူးခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူများအတွင်း အိုင်အိုဒင်းဆား စားသုံးစေရေး တိုးမြှင့်ပညာပေး ဆောင်ရွက်ခြင်းတို့ဖြင့် အိုင်အိုဒင်း အာဟာရဓာတ်ချို့တဲ့မှု ပပျောက်နိုင်မည်ဖြစ်ပါသည်။ ။

## မိုးကုတ်သံဝေဇနိယ(နေ့)တရားစခန်း

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက် (မိုးကုတ်သံဝေဇနိယဓမ္မပူဇာအဖွဲ့)က ဇန်နဝါရီ၂၅ရက်(သောကြာနေ့)မှဇန်နဝါရီ၂၉ရက်(အင်္ဂါနေ့)အထိ (၁၇)ကြိမ်မြောက် မိုးကုတ်သံဝေဇနိယ(နေ့)တရားစခန်းကို ကျင်းပမည်ဖြစ်ပြီး မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဉ်များကို နာယူကျင့်ကြံ အားထုတ်ကြမည်ဖြစ်ရာ ဆရာတော်ဦးဝိမလ(ဓမ္မာစရိယ) မူလကမ္ဘာအေးလေးကျောင်းတိုက်၊ ဆရာမ ဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော် အနှစ်ချုပ်စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူး ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖုန်း-၅၅၅၁၂၇၊ ၇၀၉၈၃၂နှင့် ၅၈၀၈၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန် ရန်ကုန်မြို့ ပါရမီရိပ်သာ၊ မြစပယ်လမ်းနေ သူရဦးထွန်းတင်-ဒေါ်မြင့်မြင့် သိန်းမိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးထွန်းတို့ လက်ခံယူစဉ်။** (ကြေးမုံ)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံခြားရေး ဝန်ကြီး ဦးဉာဏ်ဝင်း ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

**မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့သည့် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသ နိုင်ငံများအကြား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။**

အဆိုပါ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသ နိုင်ငံများအကြား နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံ အပါအဝင်မဲခေါင်ဒေသငါးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး အိမ်ရှင်ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာဆဟီကို ကိုမုရက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။** (နိုင်ငံခြားရေး)

အစည်းအဝေးတွင် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ယဉ်ကျေးမှုကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့်အတူ အစည်းအဝေး၏ ဆောင်ပုဒ်များဖြစ်သည့် ယုံကြည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုဟူသည့် ခေါင်းစဉ်များအောက်မှ ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် စည်ပင်ဝပြောမှု ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အာဆီယံအဖွဲ့ကြီး တောင့်တင်းခိုင်မာမှုနှင့် အရှေ့အာရှဒေသအတွက် အရေးပါကြောင်းနှင့် ဒေသတွင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိသည့် အခွင့်အရေးနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို မျှဝေခံစားခြင်းသည် ဒေသ၏အနာဂတ် မျှော်လင့်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်းတို့ကို ဆွေးနွေးအမြင်ချင်း ဖလှယ်ကြသည်။ ထို့အပြင် ၂၀၀၉ခုနှစ်ကို မဲခေါင်-ဂျပန် ဖလှယ်ရေးနှစ်အဖြစ် သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ဝင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမြင့်လိုက်ပါ၍ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာ အိုဆာမုအူနိုက ကြိုဆိုဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့ပြီး ဝန်ကြီးသည် သံအမတ်ကြီးလိုက်ပါလျက် အခြားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့်အတူ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်ကာ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယာဆူအိုဖူကုဒါအား စုပေါင်း၍ဂါရဝပြုတွေ့ဆုံကြသည်။ ညပိုင်းတွင် ဝန်ကြီးသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၇ ရက်တွင် ဂျပန်-မဲခေါင်ဒေသ လွှတ်တော်အမတ်များ ချစ်ကြည်ရေးအသင်းက တည်ခင်းဧည့်ခံသည့် နံနက်စာ စားပွဲသို့ တက်ရောက်ပြီး မဲခေါင်ဒေသ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆွေးနွေးပွဲသို့လည်း တက်ရောက်ကာ ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြား၍ လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဦးဉာဏ်ဝင်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာဆဟီကို ကိုမုရအား သီးခြားသွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၆ ရက်တွင် တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ကာ သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ပြီး ရုံးလုပ်ငန်းဆိုင်ရာများကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည်ဇန်နဝါရီ၁၇ရက်ညပိုင်းတွင် သံအမတ်ကြီး၏နေအိမ်၌တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ဌာနစုမှူး(၁) ဦးသိန်းဇော်နှင့် ဌာနစုမှူး(၂) ဒေါ်တီခမ်းဆိုင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

**ဇန်နဝါရီ ၁၆ ရက်က အထက(၁) ဒဂုံ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ဇနီး မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြံပေးအရာရှိ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

# (၄၄)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံဓာတ်ပုံအသင်းကို ၁၉၅၀ ပြည့်နှစ်တွင်စတင်တည်ထောင်ခဲ့ပြီး၁၉၆၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့ရာ တစ်နိုင်ငံလုံးရှိ ဓာတ်ပုံဝါသနာရှင်များ၊ ပညာရှင်များယှဉ်ပြိုင်ခဲ့ကြသည်။ ၁၉၆၃ ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ဘယ်လ်ဂျီယံနိုင်ငံသို့ ပေးပို့အကဲဖြတ်စေပြီး ဘယ်ဂျီယံနိုင်ငံ ဂါဘတ်(GEVERT) ကုမ္ပဏီ၏ပံ့ပိုးမှုဖြင့် ဆုများကိုပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၉၅ခုနှစ်မှ စတင်၍ "Best Photographer of the Year"ဆု (အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆု) ရွေးချယ်၍ ဆုချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၄၄)ကြိမ်မြောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်၍ အဆိုပါပြိုင်ပွဲတွင် "Best Photographer of the Year 2007"(၂၀၀၇ ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆု)ကို ငွေကျပ်ရှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲတွင်ရှုချင်စဖွယ်ကဏ္ဍ(အဖြူအမည်း)၊ ရှုချင်စဖွယ်ကဏ္ဍ(ဆေးရောင်စုံ)၊ လူပုံကဏ္ဍ Portraiture၊ သဘာဝလေ့လာချက်ကဏ္ဍနှင့် စိတ်ကြိုက်ဒီဂျစ်တယ်ကဏ္ဍဟူ၍ ကဏ္ဍငါးခု ပါဝင်မည်ဖြစ်ပြီး တစ်ကဏ္ဍလျှင်ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်း ငါးထောင်၊တတိယဆုငွေကျပ်ငါးသောင်း၊ နှစ်သိမ့်ဆု(၁) ငွေကျပ် သုံးသောင်းငါးထောင်၊ နှစ်သိမ့်ဆု(၂)နှင့်နှစ်သိမ့်ဆု(၃)တို့အား ငွေကျပ်နှစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

အသင်းဝင်များ/အသင်းဝင် မဟုတ်သည့် ပြင်ပဓာတ်ပုံဝါသနာရှင် ပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲပိတ်ရက်ကို ဇန်နဝါရီ ၃၁ရက် ညနေ ၅နာရီနောက်ဆုံးထား၍ အမှတ်(၂၇/၂၉)၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ပေးပို့ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၃၁၆၇သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်အသစ်များတင်လှူပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်များ တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၂ရက်(အင်္ဂါနေ့) ၁၃၆၉ခုနှစ် ပြာသိုလပြည့်နေ့ နံနက် ၉နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်ကြည်ညိုပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဓမ္မဇောတိဝိပဿနာရိပ်သာနာယက ဆရာကြီး ပါရဂူက အလှူရှင်များ အလှူငွေ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗန္ဓုလမြန်မာလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်ရွှေက ဗုဒ္ဓဝင် DVD အင်္ဂလိပ်ဘာသာ ရုပ်ရှင်ပွဲခွန်နှင့် အမြတ်ငွေကျပ် ၂၅သိန်း၊ မိဘနှစ်ပါးအား အမှူးထား၍ NIMALA-KRISHNA က အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဦးမောင်မောင်-ဒေါ်အေးကြင် (ဆရာမောင်မိသားစု)က အမေရိကန်ဒေါ်လာ ၅၀၀နှင့်ငွေကျပ် ခြောက်သိန်း၊ မကြယ်ဖြိုးသန္တာရွှေ၏ တစ်နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ငွေကျပ်၁၀သိန်း၊ LAXMI BHUSAL AND FAMILY နှင့် ဦးသိန်းညွန့်-ဒေါ်မြကြည်မိသားစုတို့က ငွေကျပ် ၁၀သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်းငွေ ၁၆၂၇၀၄၄၅ကျပ်၊ ငွေကျပ် ၃၉၉၉၅၀၀ တန်ဖိုးရှိ ရတနာပစ္စည်းမျိုးစုံ၊ အမေရိကန်ဒေါ်လာ ၁၉၀၀နှင့် အက်ဖ်အီးစီ ၄၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ (သတင်းစဉ်)

# မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် ရွှေစင်ရွှေပြားလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရွှေစင်ရွှေပြားများ လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်တွင် အဆိုပါ စေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ယင်းနောက် မော်လမြိုင်မြို့ အောက်လမ်းမကြီး သဘော်လဲရပ်နေ အလှူရှင် ဒေါ်သောင်းကြည်မိသားစုက ကိုးလက်မ ပတ်လည် တစ်ကျပ်သား ရွှေစင်ရွှေပြား လေးချပ်တို့ကိုလည်းကောင်း **(အပေါ်ပုံ)**၊ဒေါ်သန်းသန်းမိသားစု၊ ဦးယုဆွန်-ဒေါ်မြတင်မိသားစု၊ ဦးချန်ထွန်း-ဒေါ်တင်တင်(ဒေါ်တင်တင်လက်ဖက်ခြောက်) မိသားစု၊ဒေါ်ခင်စီမိသားစု၊ ဒေါ်ရီဝေ-ဒေါ်ကြည်မိသားစု၊ ဦးခင်ထွန်း-မဇင်မာသန့်(ပြည်ရတနာရွှေဆိုင်)၊ ဒေါ်သိန်းသိန်း- ဒေါက်တာဒေါ်မြဝင်းကြည် မိသားစု၊ ဒေါက်တာတန်မြင့်မောင် - ဒေါက်တာ ဒေါ်ခင်ရီသင်းမိသားစုနှင့် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်နေ ဦးဝင်းနိုင်-ဒေါ်မြတ်မြတ်မိုးမိသားစုတို့က ကိုးလက်မပတ်လည် တစ်ကျပ်သား ရွှေစင်ရွှေပြား တစ်ချပ်စီတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

မတ် ၂၁ရက်တွင် ကျင်းပမည်ဖြစ်သော လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲတွင် လှူဒါန်းလိုသူများသည် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂၊စေတီတော်ကြီး ဖုန်း-၀၅၇-၂၄၆၉၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သီလရှိသော ပညာရှိစိတ်ထား

✧ ပညာရှိတို့မည်သည် မကောင်းမှုကို မပြု။

✧ မကောင်းသောစိတ်ဖြင့် သူတစ်ပါးပစ္စည်းဥစ္စာကို အလိုမရှိရာ။

✧ မတရားသဖြင့် မိမိ၏ စည်းစိမ်ချမ်းသာပြည့်စုံခြင်းကို အလိုမရှိရာ။

✧ သီလနှင့် ပညာရှိသောသူသည် တရားသောအမှုကိုသာ ပြုတတ်၍ သူတော်ကောင်းမည်၏။

(ဓမ္မပဒ ၈၄)

# အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးမှာကြား

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ရက် ညနေ ၄နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း သေဒါခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို လအလိုက် ပြီးစီးအောင် သင်ကြားပေးရေး၊ အကြိုတက္ကသိုလ်ဝင်စာမေးပွဲ၏ တစ်ဘာသာချင်း အောင်ချက်နှင့် ရာခိုင်နှုန်းကို ယမန်နှစ်အောင်ချက်နှင့် နှိုင်းယှဉ်ပြီး တိုးတက်မြင့်မားလာအောင် သင်ကြားပေးရေး၊ မျှော်မှန်းအောင်ချက်ကို မြင့်မားစွာထားရှိပြီး ကြိုးစားသင်ကြားသင်ယူစေရေး၊အားနည်းသည့် ဘာသာရပ်များကို အချိန်ပိုဖြင့် ကုစားသင်ကြားပေးရေး၊ မြို့နယ်ပညာရေးမှူးများသည် ကျောင်းအုပ်ကြီးများနှင့် အတူအနီးကပ်ကြီးကြပ် ဆောင်ရွက်ရေး၊ ကျောင်းအုပ်ကြီးတို့က ဘာသာရပ်မှူးများနှင့်တစ်ပတ်တစ်ကြိမ် တွေ့ဆုံ၍ သင်ရိုးနှင့် လေ့ကျင့်ခန်း စာအုပ်များ ပြီးစီးမှုအခြေအနေ စိစစ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းပညာရေးမှူး ဦးအောင်ဆွေက အခြေခံပညာအထက်တန်း ကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် ယမန်နှစ်အောင်ချက် အခြေအနေနှင့် ယခုနှစ် အောင်ချက် ရာခိုင်နှုန်း မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးသိန်းတင်အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်းနေ ဒေါ်ကြင်မိနှင့် သား၊ သမီး၊ မြေး၊ မြစ်များမှ ကြေးပိဋကတ် သုတ္တန္တပိဋကဝင် မဇ္ဈိမပဏ္ဏာသပါဠိတော်ကြေးပြားလေးချပ်၊ တန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ထံလှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

# ILBC သိပ္ပံပညာပြပွဲ(၂၀၀၈) ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

**INTERNATIONAL LANGUAGE & BUSINESS CENTRE (ILBC) ၏ သိပ္ပံပညာပြပွဲ (၂၀၀၈)ကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းမကြီးရှိ ILBC ကျောင်းအားကစားရုံ၌ကျင်းပသည်။**

ILBC သိပ္ပံပညာပြပွဲ(၂၀၀၈)တွင် ကျောင်းသား၊ ကျောင်းသူများက ရူပဗေဒပညာရပ် လက်တွေ့ လုပ်ဆောင်မှုပြကွက် ၂၀၊ အထွေထွေ သိပ္ပံပညာရပ်လက်တွေ့ လုပ်ဆောင်မှုပြကွက် ၁၇ မျိုး၊ ဓာတုဗေဒပညာရပ် လက်တွေ့လုပ်ဆောင်မှုပြကွက် ၁၄မျိုး၊ သင်္ချာပညာရပ်လက်တွေ့လုပ်ဆောင်မှုပြကွက် လေးမျိုးနှင့် ဇီဝဗေဒပညာရပ် လက်တွေ့လုပ်ဆောင်မှုပြကွက်လေးမျိုးတို့၌ သက်ဆိုင်ရာပညာရပ်အလိုက် လက်တွေ့အသုံးချလုပ်ဆောင်ရှင်းလင်းပြသကြရာ မိဘအုပ်ထိန်းသူများနှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

ILBC သိပ္ပံပညာပြပွဲ(၂၀၀၈) ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသား၊ ကျောင်းသူများ သိပ္ပံပညာနှင့် ပတ်သက်၍ စဉ်းစားတွေးခေါ်မှုရင့်သန်စေရန်၊ သိပ္ပံပညာကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် စာတွေ့အရ တွက်ချက်လေ့လာပြီးမှ ပြုလုပ်စေရန်၊ သိပ္ပံပညာကိုလေ့လာရာတွင် စာတွေ့အပြင် လက်တွေ့နှင့် ပူးတွဲလေ့ကျင့်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်စေရန်၊ လက်တွေ့ပြုလုပ်ရာတွင် စာတွေ့ကို အခြေခံ၍ ကောင်းသည်ထက်ကောင်းအောင်တီထွင်ကြံဆစေရန်နှင့် ကျောင်းသားတို့၏ အနာဂတ်စီးပွားရေးရွေးချယ်မှုများတွင် စက်မှုအတတ်ပညာ အသုံးချကာ စီးပွားရေးရွေးချယ်မှုများ ရရှိလာစေရန် တို့ဖြစ်ပြီး သိပ္ပံပညာသည် အားလုံးအတွက်ဖြစ်စေရန်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ချိန်အတွင်း ဆောင်ရွက်ရသော လုပ်ဆောင်ချက်များအပြင် ထပ်ဆောင်း ရရှိလာသော လက်တွေ့အတွေ့အကြုံများပါပေါင်းစပ်ပြသသည့် သိပ္ပံပညာပြပွဲဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ သိပ္ပံပညာအပေါ် စိတ်ဝင်စားမှုနှင့် တတ်သိနားလည်မှုအတွေးအခေါ်မြင့်မားလာစေရန်အထောက်အကူပြုမှု အကျိုးထူးကို ရရှိစေရန်ဖြစ်သည်။

ILBC သိပ္ပံပညာပြပွဲ (၂၀၀၈) ပြကွက်များအနက် ဆန်းသစ်တီထွင်မှုပြကွက်များအဖြစ် သိပ္ပံသုတေသနဌာန၏ လျှပ်စစ်စွမ်းအင်သုံး သုတေသန မော်တော်ယာဉ်များနှင့် တစ်ယောက်စီးလေယာဉ်ပုံစံတည်ဆောက်ထားမှုပြကွက်တို့ကို ပြသထားသည်။ (သတင်းစဉ်)

**International Language & Business Centre (ILBC) ၏ သိပ္ပံပြပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းမကြီးရှိ(ILBC)ကျောင်းအားကစားရုံ၌ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဧည့်သည်တော်များ ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

## ကင်ညာတွင် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွား ပစ်ခတ်မှုကြောင့် ခုနစ်ဦးသေဆုံး

**နိုင်ရိုဘီ ဇန်နဝါရီ ၁၉**

ကင်ညာနိုင်ငံ၏ ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ မကျေနပ်သဖြင့် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁၇ ရက်က ရန်းရင်းဆန်ခတ်ဖြစ်ကြရာ ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ခုနစ်ဦးသေဆုံးခဲ့ရကြောင်း အတိုက်အခံအဖွဲ့အစည်းက စွပ်စွဲပြောကြားသည်။

ဆန္ဒပြမှုများသည် မြို့တော်နိုင်ရိုဘီ အနောက်ပိုင်းဒေသ မြို့များဖြစ်သည့် ကီစူးမူးနှင့် အယ်လ်ဒိုရက်တို့တွင် ဖြစ်ပွားသည်။ ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က နှိမ်နင်းရာတွင် သေနတ်နှင့် မျက်ရည်ယိုဗုံးများကို အသုံးပြုခဲ့သည်။ လူထုသည် ဆန့်ကျင်ဘက်အဖွဲ့အစည်း အောရင်းဒီမိုကရက်တစ်လှုပ်ရှားမှုအဖွဲ့ (အိုဒီအမ်)၏ ဆော်ဩမှုအရ စုစည်းဆန္ဒပြကြခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသော ကင်ညာနိုင်ငံ ရွေးကောက်ပွဲတွင် လက်ရှိ သမ္မတ ကီဘာကီက မဲလိမ်သည်ဟု ဆန့်ကျင်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင် ရာလားအိုဒင်ဂါက စွပ်စွဲသည်။ ထို့အပြင် ရဲတပ်ဖွဲ့သည် ဆန္ဒပြသမား ခုနစ်ဦးကိုလည်း ပစ်သတ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ထိုပြောကြားချက်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မပြုပေ။ နိုင်ရိုဘီမြို့ရှိ ဆင်းရဲသားရပ်ကွက် ကီဘာရာ၌လည်း ဒဏ်ရာရထားသော လူသုံးဦးကို ဆေးရုံသို့ သယ်သွားသည်ကို မြင်တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ။**

**ကင်ညာနိုင်ငံတွင် အကြမ်းဖက်ဆူပူဆန္ဒပြသူများအား ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်နှိမ်နင်းနေသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဘနာဇီယာဘူတို လုပ်ကြံခံရမှု အယ်လ်ခိုင်ဒါနှင့်အပေါင်းပါများ လက်ချက်ဟု ဆို

ဝါရှင်တန် ဇန်နဝါရီ ၁၉

**ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို လုပ်ကြံခံရသည့်ကိစ္စသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်နေသော ပါကစ္စတန် လူမျိုးစုသောင်းကျန်းသူများ၏ လက်ချက်ဖြစ်သည်ဟု အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)၏ ညွှန်ကြားရေးမှူး မိုက်ကယ်ဟေဒန်က ဝါရှင်တန်ပို့စ်သတင်းစာသို့ ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းသည် ဒီဇင်ဘာ ၂၇ ရက်က လုပ်ကြံခံရခြင်းဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဟေဒန်၏ ပြောကြားချက်သည် စီအိုင်အေ၏ တရားဝင်သုံးသပ်ချက်ပင်ဖြစ်သည်။ ဤသုံးသပ်ချက်သည် ပါကစ္စတန် အာဏာပိုင်များနှင့်လည်း တစ်သဘောတည်းရှိသည်ကို တွေ့ရသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ သောင်းကျန်းသူ ခေါင်းဆောင် ဘတ်ကူလာမီဆွဒ်နှင့် အယ်လ်ခိုင်ဒါကွန်ရက်များ၏ လက်ချက်ကြောင့် ဘူတိုသေဆုံးရခြင်းဖြစ်ကြောင်း ဟေဒန်က ပို့စ်သတင်းစာသို့ ပြောကြားသည်။ သို့ရာတွင် အထက်ပါအတိုင်း ကောက်ချက်ချရခြင်းမှာ မည်သို့သော ထောက်လှမ်းရေး နောက်ခံသတင်းအချက်အလက်များကြောင့်ဖြစ်သည်ဟူသော အကြောင်းအရာ အသေးစိတ်ကိုမူ ၎င်းက ရှင်းလင်းပြောကြားခြင်း မပြုကြောင်း သိရသည်။

**အမ်အင်အေ၊ ရိုက်တာ။**

## ကမ္ဘာ့ဘဏ်အဆောက်အအုံ ဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခံရ

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ကမ္ဘာ့ဘဏ်အဆောက်အအုံကို ဇန်နဝါရီ ၁၉ ရက်တွင် ဗုံးဖောက်ခွဲ တိုက်ခိုက်မည်ဖြစ်သဖြင့် ဝန်ထမ်းများ အနေဖြင့် ရုံးသို့မလာကြရန် တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖော်ထုတ်နိုင်ရန် ကမ္ဘာ့ဘဏ်လုံခြုံရေးဝန်ထမ်းများက စုံစမ်းလျက်ရှိသည်။

### စုံစမ်းရန်

စုံစမ်းဖော်ထုတ် နိုင်ရန်အတွက် ယခုအခါ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### ဝန်ထမ်း ၈၀၀၀ ရှိ

ကမ္ဘာ့ဘဏ် အဆောက်အအုံသည် အမေရိကန်သမ္မတ အိမ်ဖြူတော်နှင့် မလှမ်းမကမ်းတွင်ရှိကာ ဝါရှင်တန်မြို့လယ်ရပ်ကွက်၌ တည်ရှိသည်။ ထိုအဆောက်အအုံအတွင်း၌ ဝန်ထမ်းပေါင်း ၈၀၀၀ ခန့် အလုပ်လုပ်လျက်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ။**

**ဗုံးဖောက်ခွဲတိုက်ခိုက်ရန် ခြိမ်းခြောက်ခံရသည့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ကမ္ဘာ့ဘဏ်အဆောက်အအုံကို ဇန်နဝါရီ ၁၉ ရက်တွင် တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror နိုင်ငံတကာ ရေးရာသတင်းများ

## မော်ရိုကိုတွင် အဆောက်အအုံပြိုကျ၊ ၁၄ဦးသေဆုံး

**ရာဘတ် ဇန်နဝါရီ ၁၉**

မော်ရိုကိုနိုင်ငံ အနောက်မြောက်ပိုင်းရှိ စီနီဘရာမြို့တွင် နှစ်ထပ်လူနေအဆောက်အအုံတစ်လုံး ပြိုကျသဖြင့် ၁၄ ဦး သေဆုံးကြောင်း အစိုးရ အရာရှိများက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

### မသိရသေး

ဗုဒ္ဓဟူးနေ့က ဖြစ်ပွားသော ယင်းအဖြစ်အပျက်တွင် ၂၆ဦး ဒဏ်ရာရရှိခဲ့သည်။ အဆောက်အအုံ အပြိုအပျက်များ အောက်တွင် လူမည်မျှ ပိမိနေသည်ကို မသိရသေးဟု ဆိုသည်။ ထို့အပြင် အဆောက်အအုံ ပြိုကျချိန်၌ ထိုနေရာ၌ လူမည်မျှ နေထိုင်လျက်ရှိသည်ကိုလည်း မသိရှိရဟု သတင်းက ဆိုသည်။

### စုံစမ်း

ရာဘတ်မြို့၏ အနောက်ဘက် ၂၅ မိုင်အကွာရှိ စီနီထရာမြို့ရှိ အဆောက်အအုံ ပြိုကျရသည့်ကိစ္စကို အာဏာပိုင်များက စုံစမ်းလျက်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ။**

**အစ္စရေးတို့၏ ပဲ့ထိန်းဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးသွားသော ဂါဇာ ဒေသရှိ ဟားမတ်စ်ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အိန္ဒိယတွင် တံတားကျိုးကျ၊ ၂၂ဦး သေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၁၉**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်တွင် တံတားတစ်စင်းကျိုးကျရာ အနည်းဆုံး ၂၂ ဦး သေဆုံးသွားပြီး ၂၅ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

### သတ်မှတ်ချက်ထက်ပို

အခင်းဖြစ်ပွားသော တံတားသည် မဏိပူရပြည်နယ်၏ မြို့တော် အင်ဖာ၏ တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာတွင် တည်ရှိသည်။ ကုန်စည်ဝန်ချိန်သတ်မှတ် ချက်ထက်ပို၍ တင်ဆောင်မောင်းနှင်လာသော ထရပ်ကား တစ်စီး တံတားပေါ်မှ ဖြတ်၍ မောင်းနှင်စဉ်ပြိုကျခြင်းဖြစ်ကြောင်း အင်ဒိုအေရှသတင်းဌာနက ဖော်ပြသည်။

### ကယ်ဆယ်

တံတားကျိုးကျသည့်သတင်း ရလျှင်ရချင်း တပ်ဖွဲ့များက အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိသွားပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ၂၈ဦးကို ကယ်ဆယ်နိုင်ပြီး ၁၉ဦး၏အလောင်းများကို ဆယ်တင်နိုင်ခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဒဏ်ရာရရှိသူများကို ချက်ချင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ လမ်းတွင် တစ်ဦး သေဆုံးသွားကာ ဆေးရုံရောက်ပြီးမှ နောက်နှစ်ဦး ထပ်မံသေဆုံးကြောင်း သိရသည်။

သစ်သားတံတားမှာ အခိုင်အခံ့ဆောက်ထားသော တံတားမဟုတ်သဖြင့် ဝန်လေးသော ထရပ်ကားဖြတ်သွားသည့်အခါ ပြိုကျ သွားရခြင်း ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# နီဟားဒါးပြည်နယ် အခြေခံအဆင့်ရွေးကောက်ပွဲ ကျင်းပ ဟီလာရီကလင်တန်နှင့် ရွမ်နေးတို့ အနိုင်ရ

ဝါရှင်တန် ဇန်နဝါရီ ၂၀

**အမေရိကန်သမ္မတရွေးပွဲ အခြေခံအဆင့်ရွေးကောက်ပွဲကို နီဗားဒါးပြည်နယ်၌ ဇန်နဝါရီ ၁၉ ရက် ကကျင်းပရာ ဒီမိုကရက်တစ်ပါတီတွင်းမှ ယှဉ်ပြိုင်ဘက်ဖြစ်သော ဘာရက်အိုဘာမားအား ခက်ခက်ခဲခဲယှဉ်ပြိုင်ပြီးနောက် ဆီးနိတ်အမတ် ဟီလာရီကလင်တန်က အနိုင်ရရှိသွားသည်။ ရီပတ်ဘလီကန် ပါတီတွင်း၌ ပြုလုပ်သောအလားတူ အခြေခံအဆင့်ရွေးကောက်ပွဲတွင် မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ်ရွမ်နေးသည် အခြားရီပတ်ဘလီကန် ယှဉ်ပြိုင်ဘက်များအပေါ် အပြတ်အသတ် အနိုင်ရရှိသွားသည်။**

### ၄ ရာခိုင်နှုန်းသာရရှိ

နိုင်ငံရေးအရ သတ်မှတ်ထားသော စီရင်စုမဲဆန္ဒနယ် ၈၀ ရာခိုင်နှုန်းနီးပါး၏ မဲများကို ရေတွက်ပြီးချိန်တွင် စုစုပေါင်း မဲအရေအတွက်၏ ၅၁ ရာခိုင်နှုန်းကို ဟီလာရီကရနေပြီး ဘာရက်အိုဘာမားက မဲအရေအတွက်၏ ၄၅ ရာခိုင်နှုန်းကိုသာ ရရှိသေးသည်။ ယှဉ်ပြိုင်ဘက် ဂျွန်အက်ဒဝပ်ဒ်မှာ စုစုပေါင်း မဲအရေအတွက်၏ ၄ ရာခိုင်နှုန်းကိုသာ ရရှိသည်။

အိုဘားမားသည် အင်အားကောင်းသော ယူနီယံအဖွဲ့များ၏ ထောက်ခံမှုကို ရရှိနေသည့် အကြားမှပင် ဟီလာရီအား ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရီပတ်ဘလီကင် ပါတီဝင်များကြား၌ ပြုလုပ်သော သမ္မတရွေးပွဲ အခြေခံအဆင့်ရွေးကောက်ပွဲတွင် စီရင်စုမဲဆန္ဒနယ် ၃၈ ရာခိုင်နှုန်း၏ မဲများကို ရေတွက်ပြီးချိန်တွင် ရွမ်နေးသည် မဲ ၅၃ ရာခိုင်နှုန်းရရှိကာ အနိုင်ရနေပြီး ဂျွန်မက်ကိန်းမှာ စုစုပေါင်း မဲအရေအတွက်၏ ၁၃ ရာခိုင်နှုန်းသာ ရရှိသည်။

ရွမ်နေးက သမ္မတရွေးကောက်ပွဲ၌ ၎င်းသာ အနိုင်ရခဲ့လျှင် စီးပွားရေးကို ဦးမော့လာအောင်၊ အလုပ်အကိုင်များပေါများလာအောင်နှင့် ဘဏ္ဍာရေး မူဝါဒများ ပြောင်းလဲလာအောင် ဖန်တီးပေးမည်ဟု ဖလော်ရီဒါသို့ မသွားမီ ပြောကြားခဲ့သည်။ ဖလော်ရီဒါပြည်နယ်တွင် သမ္မတရွေးပွဲ အခြေခံအဆင့် ရွေးကောက်ပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် ပြုလုပ်မည် ဖြစ်သည်။

***အင်တာနက်။***

**ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်သူ ဆီးနိတ်အမတ် ဟီလာရီကလင်တန်။**
*(ဓာတ်ပုံ-အင်တာနက်)*

### ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

**ရီပတ်ဘလီကန်ပါတီမှသမ္မတလောင်းအဖြစ် ယှဉ်ပြိုင်သူ မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးမစ်ရွမ်နေး။**
*(ဓာတ်ပုံ-အင်တာနက်)*

# ပီပီပီပါတီက ညွန့်ပေါင်းအစိုးရဖွဲ့ပြီးကြောင်း ကြေညာ ဆမတ်ဆွန်ဒါရာဗီ ဝန်ကြီးချုပ်ဖြစ်လာမည်

ဗန်ကောက် ဇန်နဝါရီ ၂၀

**ထိုင်းနိုင်ငံတွင် ပြည်သူအာဏာပါတီ (ပီပီပီ)က ညွန့်ပေါင်းအစိုးရအဖွဲ့သစ် ဖွဲ့စည်းပြီးကြောင်း ကြေညာသည်။**

### အသိပေး

ဒီဇင်ဘာလ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပီပီပီပါတီအပေါ် တင်ထားသော စွဲဆိုချက်များနှင့် ပတ်သက်၍ တရားရုံးက ကင်းလွတ်ကြောင်း ကြေညာခဲ့ပြီး နောက်ပိုင်း ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းပြီးကြောင်း ထုတ်ပြန် အသိပေးလိုက်ခြင်းဖြစ်သည်။

ပီပီပီပါတီသည် ပါတီငယ် ငါးခုနှင့် ပူးပေါင်း၍ ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ယင်းပါတီသည် ယခင် ဝန်ကြီးချုပ်ဟောင်းကို ကိုယ်စားပြုသော ပါတီအဖြစ် ဝေဖန်သူများက ရှုမြင်ကြသည်။

### ဖွဲ့စည်းပြီးဖြစ်

ပီပီပီပါတီ၏ ခေါင်းဆောင်မှာ ဆမတ်ဆွန်ဒါရာဗီ ဖြစ်သည်။ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းပြီးဖြစ်ကြောင်းကို သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ပြောကြားသွားခြင်းဖြစ်သည်။

### အတည်ပြုပေးမည်

အမတ်နေရာ ၄၈၀ ရှိသော ထိုင်းလွှတ်တော်တွင်ညွန့်ပေါင်းအဖွဲ့ကနေရာပေါင်း ၃၁၅ နေရာကို ရရှိထားသည်။ အသက် (၇၀)နှစ်ရှိ ပီပီပီပါတီ ခေါင်းဆောင် ဆမတ်သည် ညွန့်ပေါင်း အစိုးရအဖွဲ့တွင်ဝန်ကြီးချုပ်ဖြစ်လာရန်ရှိသည်။ ၎င်း၏ ဝန်ကြီးချုပ်ရာထူးကို ထိုင်းဘုရင်က တစ်ရက်နှစ်ရက်အတွင်း အတည်ပြုပေးမည်ဖြစ်သည်။ ***အင်တာနက်။***

# ဗြိတိန် ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ အီးယူဥက္ကဋ္ဌဖြစ်လာမှု ပြင်သစ် သမ္မတဟောင်း ဒက်စတိုင်း ဘဝင်မကျ

ပါရီ ဇန်နဝါရီ ၁၉

**ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲဥရောပသမဂ္ဂ(အီးယူ) အမြဲတမ်းဥက္ကဋ္ဌ ဖြစ်လာမှုအပေါ် ဆန့်ကျင်သည်ဟု ပြင်သစ်သမ္မတဟောင်း ဗီလာရီဂျီးစကတ်ဒက်စတိုင်းက ထုတ်ဖော်ပြောကြားကြောင်း ပြင်သစ်နေ့စဉ်သတင်းစာ လာဗီဂရိုက ကြာသပတေးနေ့တွင် ရေးသားလိုက်သည်။**

မိမိက ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲက အီးယူဥက္ကဋ္ဌအဖြစ် လျှောက်ထားမှုအပေါ် ဆန့်ကျင်သည်ဟု ဒက်စတိုင်းက ဖော်ပြပါသတင်းစာက တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အနာဂတ်ကာလတွင် အီးယူဥက္ကဋ္ဌသည် အီးယူအဖွဲ့ဝင်နိုင်ငံမှ ဖြစ်ရမည်ဖြစ်ပြီး ယင်းအချက်မှာ ဝေဖန်စရာရှိနေကြောင်း၊ ယင်းနိုင်ငံအနေဖြင့်လည်း ဥရောပသမဂ္ဂအပေါ်လေးစားကာ ဥရောပသမဂ္ဂက တာဝန်ယူထားမှုများကို လိုက်နာဆောင်ရွက်ရမည်ဟု ဒက်စတိုင်းက ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် ဥရောပဇုန်ဒေသဝင်နိုင်ငံမဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရန် နျူကလီးယားဓာတ်အားပေးစက်ရုံအတွက် ရုရှားမှ တတိယသုတ် လောင်စာရရှိ

**တီဟီရန် ဇန်နဝါရီ ၁၉**

အီရန်နိုင်ငံ ဘာရှာနျူကလီးယားဓာတ်အားပေးစက်ရုံ၌ သုံးစွဲရန် ရုရှားနိုင်ငံမှ တတိယသုတ် တင်ပို့လိုက်သော နျူကလီးယားလောင်စာကို အီရန်နိုင်ငံက လက်ခံရရှိကြောင်း အိုင်အာရ်အင်အေ သတင်းဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် ယူရေနီယံလောင်စာချောင်း တန် ၈၀ ကို ဒီဇင်ဘာ ၁၇ ရက်က အီရန်နိုင်ငံသို့ ပထမအသုတ်အဖြစ် ပေးပို့ခဲ့ပြီး ဒုတိယအသုတ်အဖြစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်မှုသည် အီရန်နိုင်ငံ၏ ယူရေနီယံအားဖြည့်လောင်စာအစီအစဉ်ကို ရပ်တန့်ရေးအတွက် နိုင်ငံတကာမှ ဖျောင်းဖျမှု အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဘာရှာစက်ရုံအတွက် ရုရှားနိုင်ငံက နျူကလီးယားလောင်စာ ထောက်ပံ့နေသော်လည်း အီရန်နိုင်ငံသည် ယူရေနီယံအားဖြည့်လောင်စာ ထုတ်လုပ်နိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါ စက်ရုံ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိပြီး ရုရှားနိုင်ငံက တည်ဆောက်ပေးသည့် စက်ရုံဖြစ်သည်။ ယင်းစက်ရုံအတွက် လောင်စာများကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီတွင် ရုရှားနိုင်ငံက ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်သည်။ ယူရေနီယံအားဖြည့်လောင်စာများကို သတ်မှတ်ထားသည့် အချိန်အတွင်း ငါးသုတ်ခွဲ၍ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး သတင်းဌာနက ဖော်ပြသည်။

### ရုရှားကပြောကြား

အီရန်နိုင်ငံသည် ယူရေနီယံ အားဖြည့်လောင်စာနှင့် အခြားနျူကလီးယားပစ္စည်းတို့ကို နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ရည်ရွယ်ပြုလုပ်နေခြင်းဖြစ်ကြောင်း အမေရိကန်နှင့် အနောက်အင်အားကြီးနိုင်ငံများက ပြောကြားသည်။ အီရန်အား ဘာရှာစက်ရုံ တည်ဆောက်ပေးသည့်အတွက် ရုရှားနှင့် အနောက်အုပ်စုများကြားတွင် သဘောကွဲလွဲမှုဖြစ်သည်။ ထို့အပြင် ရုရှားအား အီရန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကန့်သတ်ရန် အနောက်အုပ်စုများက ဖိအားပေးလျက်ရှိသည်။ ဘူရှာစက်ရုံကို နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ၏ ထိန်းချုပ်မှုအောက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ရုရှားကပြောကြားသည်။

နိုင်ငံတွင်း လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းရန် အီရန်၌ နျူကလီးယားဓာတ်အားစက်ရုံ ၁၉ ခုကို ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါစက်ရုံ တစ်ရုံလျှင် ဓာတ်အားမဂ္ဂဝပ် ၁၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆွေးနွေးပွဲကို ဘာလင်မြို့၌ လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည် ဖြစ်သည်။ ထိုဆွေးနွေးပွဲ၌ အီရန်နိုင်ငံ၏ ယူရေနီယံ အားဖြည့်လောင်စာလုပ်ငန်းရပ်တန့်ရေးကို ကမ္ဘာ့အင်အားကြီးနိုင်ငံများ ဖိအားပေးသည့်အနေဖြင့် အီရန်အပေါ် တတိယအကြိမ်မြောက် သပိတ်မှောက်ပိတ်ဆို့ရေးလုပ်ငန်းကို ဆွေးနွေးသွားမည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***



**အီရန်နိုင်ငံ၏ ဘာရှာအဏုမြူဓာတ်ပေါင်းဖို၏ အတွင်းပိုင်း တစ်နေရာကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်၌ ရိုးရာပွဲကျင်းပစဉ် ဒုံးကျည်ဖြင့် တိုက်ခိုက်

**မိုဆူးလ်(အီရတ်) ဇန်နဝါရီ ၁၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၄၂၀ အကွာရှိ တယ်လ်အဖာမြို့တွင် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက ရိုးရာပွဲကျင်းပနေစဉ် ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံတွင် အထူးသဖြင့် ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၁၀ အကွာ ကာဘာလာမြို့တွင် ရှီးယိုက်လူမျိုးများ ရာထောင်ချီ၍ ရှိကြသည်။

အဆိုပါနေ့က ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၄၀၀ အကွာခန့် မိုဆူးလ်အနောက်ပိုင်းရှိ အီရတ်စစ်တပ် အခြေစိုက်စခန်းအနီးဒေသသို့ မော်တာကျည် ငါးခု ကျရောက်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိပြီး ဟိုတယ်အဆောက်အအုံ အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရသည်။

***အင်တာနက်။***

# အိန္ဒိယကျေးရွာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ကြယ်လင်းအောင်နှင့် ရန်ကြီးအောင်ထိုးသတ်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

**ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒိယကျေးရွာတွင် လွန်ခဲ့သည့် ၁၄ နှစ်မှစ၍ အစဉ်အလာမပျက် ကျင်းပလာခဲ့သော အိန္ဒိယသဒ္ဓမ္မပါလ ပရိယတ္တိစာသင်တိုက် ဆွမ်းလောင်းပွဲတော်ကြီးတွင် ပါဝင်မြဲဖြစ်သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို ဇန်နဝါရီ ၂၃၊ ၂၄နှင့် ၂၅ ရက်တို့၌ ကျင်းပသွားမည်ဖြစ်ရာ အိန္ဒိယရွာသား ၂၀၀၆ လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ကြယ်လင်းအောင် (တောင်ကလေး)နှင့် ၂၀၀၇ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင်မည့်ပွဲ ပါဝင်ကြောင်းသိရှိရသည်။**

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို နေ့စဉ် သုံးချီ၊ လေးချီ အထူးပွဲများနှင့် ငါးချီ အဓိကစိန်ခေါ်ပွဲတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့တွင် ပိုင်သစ်မိုး (တောင်ကလေး) နှင့် သုဝဏ္ဏမောင် (သထုံ)၊ ဇာတ်လိုက် (တောင်ကလေး) နှင့် ဝမ်းစတား (မျိုးဇာနည်)၊ သတ္တိအောင်(တောင်ကလေး) နှင့် စောဝီလျံသိန်း (ရွှေလက်ရာ) တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

ဒုတိယနေ့တွင် မုန်တိုင်း(မျိုးဇာနည်) နှင့် စောနေအောင်(ရွှေလက်ရာ)၊ ဆက်ထူးအောင် (တောင်ကလေး)နှင့် ကျားသစ်လေး (အလင်းရောင်)၊ ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် မြတ်လေးနွယ် (တောင်ကလေး)နှင့် City FM အောင်လံဆုရှင် အေးဗိုစိန် (လယ်/ဆည်)တို့ထိုးသတ်ပြီး တတိယနေ့တွင် ဂဠုန်မင်း (မျိုးဇာနည်)နှင့် တိုက်ဂါးဟိန်း(တိုက်ဂါး)၊ ရန်နိုင်အောင် (တောင်ကလေး)နှင့် စကြာဒေါင်း (အလင်းရောင်)၊ ကြယ်လင်းအောင် (တောင်ကလေး)နှင့် ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

ကြယ်လင်းအောင်နှင့် ရန်ကြီးအောင်တို့သည် ကြိုးဝိုင်းတွင်း၌ တစ်ကြိမ်မျှ တွေ့ဆုံ ယှဉ်ပြိုင်ခဲ့ကြခြင်းမရှိသေးသော်လည်း အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချောကို ကြယ်လင်းအောင်က နှစ်ကြိမ်၊ ရန်ကြီးအောင်က တစ်ကြိမ်တွေ့ဆုံယှဉ်ပြိုင်ကာ သရေပွဲ ရယူထားနိုင်ကြသူများ ဖြစ်သည်။

ယခုပွဲကျင်းပရာ အိန္ဒိယကျေးရွာသည် အိန္ဒိယမောင်မောင်ကဲ့သို့ ရိုးရာလက်ဝှေ့ အကျော်အမော်များ ထွက်ပေါ်သည့် အစဉ်အလာကောင်းရှိပြီး မြတ်လေးနွယ်နှင့် ကြယ်လင်းအောင်တို့သည်လည်း အိန္ဒိယရွာသားများပင်ဖြစ်သည်။

(ကြေးမုံ)

၂၀၀၆ ခုနှစ် လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ကြယ်လင်းအောင် (တောင်ကလေး)။

၂၀၀၇ ခုနှစ် မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၂၁–၁–၂၀၀၈ (တနင်္လာနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀–၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅–၁း၀၅ | "အသေလှတဲ့သူ"တရားတော် (ဒုတိယပိုင်း)<br>(ဆရာတော် အရှင်ဆန္ဒာဓိက) |
| ၇း၅၀–၁း၅၀ | Soccer Update |
| ၈း၀၅–၂း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၅–၂း၁၅ | ရန်အောင်မြင်ဟု တည်ထားပူဇော် နတ်လူသာစုခေါ်စေသောဝ် |
| ၈း၃၀–၂း၃၀ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၈း၅၀–၂း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅–၂း၅၅ | စပါးခွံများဖြင့် လင်းလက်စေသည် |
| ၉း၁၅–၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅–၃း၂၅ | အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ |
| ၉း၃၅–၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀–၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅–၃း၄၅ | MRTV-4 ကျန်းမာရေးကဏ္ဍ<br>(ခံတွင်းကင်ဆာရောဂါအကြောင်း)<br>(ပါမောက္ခဒေါက်တာဦးကိုကိုမောင်နှင့် တွေ့ဆုံခြင်း) |
| ၁၀း၁၀–၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅–၄း၁၅ | အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း |
| ၁၀း၃၀–၄း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅–၄း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၅–၄း၄၅ | ပြည်တွင်းအခွန်များဦးစီးဌာနအကြောင်းသိကောင်းစရာ<br>(တံဆိပ်ခေါင်းခွန်) |
| ၁၁း၀၀–၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅–၅း၀၅ | Movie Mistakes (Speed) |
| ၁၁း၂၀–၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅–၅း၂၅ | ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအကြောင်း သိကောင်းစရာ<br>(ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစိုးလွင်ငြိမ်း) |
| ၁၁း၅၀–၅း၅၀ | MRTV-4 စာအုပ်စင်ကဏ္ဍ<br>[မသန်းသန်း(မန်းတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း] |
| ၁၂း၁၀–၆း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅–၆း၁၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ(မြဝ္မာ သောက အင်းဝရာဇာ) |
| ၁၂း၄၅–၆း၄၅ | ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ |
| ၁း၀၀–၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၄ | Liverpool-Aston Villa | ESPN(Live) |

### Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၃၀ | Namibia-Morocco | Euro Sport (Live) |
| ၁၁း၃၀ | Nigeria-Ivory Coast | Euro Sport (Live) |
| ၂း၀၀ | Mali-Benin | Euro Sport (Live) |

## မီးဘေးကြိုတင်ကာကွယ်ရေး ဆွေးနွေးသရုပ်ပြပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်လုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြသပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၂) ရပ်ကွက် အမှတ် (၆၅၆) အလုပ်ရုံတပ်ခွဲ(လျှပ်စစ်)၌ ကျင်းပသည်။

အစီအစဉ်အရ ကျောက်တံတား မီးသတ်ဇုန်နယ်မြေ ဒုတိယမီးသတ်ဦးစီးမှူး ရဲသူရိန်ကိုကိုစိုးက မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှေးဦးမီးငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးဟောပြောပြီး မီးငြိမ်းသတ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံတို့ကို ရှင်းလင်းပြသကာ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ပုံတို့ကို လက်တွေ့သရုပ်ပြသကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်ဆုချီးမြှင့်စဉ်။** (မြို့နယ် ပြန်/ဆက်)

**ဗဟန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁)၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ် ထူးချွန်ဆုရရှိသူ အဋ္ဌမတန်းကျောင်းသား မောင်ထူးထူးလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီ ဆုချီးမြှင့်စဉ်။** (ပညာရေး)

## အင်တာနက် အားကစားသတင်းများ

## ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နာဒဲလ် ကွာတားဖိုင်နယ်သို့ တက်ပြီ

**မယ်လ်ဘုန်း ဇန်နဝါရီ ၂၀**

ကမ္ဘာ့အဆင့်(၂)ရှိ စပိန် တင်းနစ်သမား နာဒဲလ်သည် တနင်္ဂနွေနေ့တွင် ကစားသော ဩစတြေးလျ အိုးပင်းတင်းနစ်ပွဲ၌ ၎င်း၏ ပြိုင်ဘက်ကို မိနစ် ၅၀ သာ ကစားပြီး အနိုင်ရရှိသွားသည်။

ထိုပွဲနိုင်လိုက်သဖြင့် နာဒဲလ်သည် ဂျိုဝဲလ်ဖရက်ဆွန်ဂါ၊ ဂျာကိုနီမင်နင်နှင့် မိခ်ဟေးလ်ယူဇ်နီတို့နှင့်အတူ ကွာတားဖိုင်နယ်ပွဲသို့ တက်ခွင့်ရသွားပြီဖြစ်သည်။

နာဒဲလ်နှင့် ယှဉ်ပြိုင်ကစားသူ ပြင်သစ်ပြိုင်ဘက်မှာ ပေါလ်ဟင်နီမက်သရူးဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲမှဒဏ်ရာဖြင့် ထွက်သွားခဲ့ရသည်။ ထိုပွဲမှာ ၆–၄၊ ၃–၀ ဖြင့် ကစားသွားသော ပွဲဖြစ်သည်။

နာဒဲလ်က မိမိ ယနေ့ကစားရသည်မှာ လက်တွေ့ကြောင်း၊ ဩစတြေးလျသို့ ရောက်သည့်အချိန်အတွင်း ယနေ့ပွဲသည် အကောင်းဆုံးကစားနိုင်သည့်ပွဲဖြစ်ကြောင်း၊ မိမိကွာတားဖိုင်နယ်သို့ ရောက်သွားသဖြင့် ဝမ်းသာကြောင်း၊ သို့သော် ယခုအနိုင်ရသည့်ပုံစံမျိုးဖြင့် အဆင့်တက်သွားသည်ကို သဘောမတွေ့ကြောင်း နာဒဲလ်က ပြောကြားသွားသည်။

***အင်တာနက်။***

**ကွာတားဖိုင်နယ်ပွဲစဉ် တက်သွားသော နာဒဲလ်။**

## ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဟီနင်နှင့် ရှာရာပိုဗာတို့ ကွာတားတက်

**မဲလ်ဘုန်း ဇန်နဝါရီ ၂၀**

ကမ္ဘာ့အဆင့်တစ်ရှိသူ တင်းနစ်မယ် ဂျပ်စတင်းဟီနင်နှင့် ကမ္ဘာ့အဆင့် ငါးရှိသူ မာရီယာရှာရာပိုဗာတို့သည် ယနေ့ကျင်းပသည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အနိုင်ရရှိကာ ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်လှမ်းသွားပြီဖြစ်သည်။

ဟီနင်နှင့် ရှာရာပိုဗာတို့သည် ကွာတားဖိုင်နယ်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘယ်လ်ဂျီယံ တင်းနစ်မယ် ဟီနင်သည် ၎င်း၏ပြိုင်ဘက် တရုတ်တိုင်ပေ အားကစားမယ် စုဝီရှီကို ၆–၂၊ ၆–၂ ဖြင့် အလွယ်တကူ အနိုင်ကစားသွားသည်။

ထို့အတူ ရှာရာပိုဗာသည်လည်း ယနေ့ပွဲတွင် လက်စွမ်းပြနိုင်ပြီး ပြိုင်ဘက် ရုရှားတင်းနစ်မယ် ရယ်လီနာဒီမင်ဘီဗာ ကို ၆–၂၊ ၆–၀ ဖြင့် သက်သက်သာသာ အနိုင်ရသွားသည်။ ***အင်တာနက်။***

**ကွာတားဖိုင်နယ်တွင် မာရီယာရှာရာပိုဗာနှင့် ယှဉ်ပြိုင်ရမည့် ဟီနင်။**

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

# တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဝန်ကြီး ဦးအောင်ကြည် သံရည်ကျိုနှင့် သံထည်ပစ္စည်းစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်တို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် သံထည် ပစ္စည်းထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သံထည်ပစ္စည်း ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံရှင်းလင်း ပြသကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

### မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စက်ရုံအလုပ်သမားများအား တွေ့ဆုံ၍ လုပ်ငန်းခွင်အန္တရာယ် မဖြစ်ပွားစေရေး၊ စက်ရုံအလုပ်သမားများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရေး၊ ကုန်ကြမ်းပစ္စည်းများ အလေအလွင့်နည်းပါးစေရေး မှာကြားပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ ခတ္တာကန်တောင်ရွာ မဟာဗောဓိတစ်ထောင် ကျောင်းဝင်းအနီး တည်ထားကိုးကွယ်လျက်ရှိသည့် လေးကျွန်းစကြာ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး မဟာဗောဓိတစ်ထောင်ကျောင်းရှိ နာယကဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တည်ဆောက်ဆဲ မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် ဦးကိုကို (ထိပ်တန်းရုပ်ရှင်) (ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့-ဥက္ကဋ္ဌ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ)မိသားစုက ငွေကျပ်သုံးသိန်းကို နာယက ဦးတင်ဝမ်၊ တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးကျော်ဇော တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## အာစရိယပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ဂျီတီအိုင်ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဂျီတီအိုင်ကျောင်းများမှ အငြိမ်းစားယူသွားကြသော အသက် ၆၀ ပြည့် ဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို တက္ကသိုလ်များ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဦးရန်ဝင်း ဖုန်း-၂၄၁၉၀၅၊ ဦးကြည်လင်း ဖုန်း-၂၅၂၅၈၅၊ ဦးဇော်ဝင်း ဖုန်း-၅၅၈၂၉၄၊ ဦးတင်အေး ဖုန်း-၀၉၅၀၀၃၇၈၂၊ ဦးကျော်ကျော်စိုး ဖုန်း-၅၀၅၉၆၉၊ ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉၅၀၁၅၆၇၈၊ ဦးခင်ဇေ(ရုံး အဖွဲ့မှူး)ဖုန်း-၅၁၉၈၆၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

# အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

**(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ဆောင်ရွက်ခဲ့ကြသော အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ Gold Hotel ၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သို့ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အဖွဲ့ချုပ် နာယက ဗိုလ်မှူးကြီး လှသောင်းမြင့်(ငြိမ်း)က ငွေကျပ် ခုနစ်သိန်းခြောက်သောင်း၊ အဖွဲ့ချုပ်နာယက ဂျူဒိုအားကစားတာဝန်ခံ ဒေါ်မြင့်မြင့်အေးက ငွေကျပ် ၁၀ သိန်း၊ နာယက ဒေါ်ဟေမာနှင့် နာယက ဒေါက်တာဒေါ်မြတ်သီတာမြင့်

**မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး ဂုဏ်ပြုဆုငွေ ချီးမြှင့်စဉ်။** (အား/ကာ)

တို့က ငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က လက်ခံကာဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အေးအေးအောင်(၆၃) ကီလိုနှင့်အောက်၊ ငွေတံဆိပ်ဆုရရှိကြသော သန္တာဝင်း (၅၇)ကီလိုနှင့်အောက်၊ ဟိန်းလတ်ဇော် ကီလို(၆၀)နှင့်အောက်၊ ဇော်နိုင် (၇၃) ကီလိုနှင့်အောက်၊ ခင်မျိုးသူ(၇၈) ကီလိုနှင့် အထက်၊ ကြေးတံဆိပ်ဆုများ ရရှိကြသော လေးကလျာအောင် ကီလို (၇၀)နှင့်အောက်၊ ဇင်လင်းအောင် (၈၁)ကီလိုနှင့်အောက်နှင့် မောင်မောင်ဆန်း ကီလို (၁၀၀)နှင့် အောက်တို့အား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် နာယက ဒေါ်ရွှေသက်က မြန်မာ့လက်ရွေးစင်များ၏ လေ့ကျင့်ဘက် အားကစားသမားများအားလည်းကောင်း၊ နာယက ဒေါ်ဟေမာက အသင်းအုပ်ချုပ်သူများအား လည်းကောင်း၊ နာယက ဒေါက်တာဒေါ်မြတ်သီတာမြင့်က အသင်းနည်းပြဆရာများအားလည်းကောင်း၊ နာယက ဗိုလ်မှူးကြီးလှသောင်းမြင့် (ငြိမ်း)က မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားမောင်မယ်နှင့် အဖွဲ့ချုပ်တို့ကို ကူညီပံ့ပိုးပေးခဲ့ကြသော ဝန်ထမ်းများအားလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင် အေးအေးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တောင်ဥက္ကလာပ မြို့နယ် (၁၀)ရပ်ကွက် အဿက (၂၄)လမ်းထက်၊ အောက် ကတ္တရာ ကျောက်ချောလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ အလှူရှင်ဦးစိန်နွဲ့နှင့် ဦးစိုးသိန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (၆၃)

## မြွေနံတန်ဆာအသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြွေနံတန်ဆာအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ကြရန်ဖိတ်ကြားထားပြီး အသက် ၇၅ နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်းနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သား၊ သမီးများ၏ အမှတ်စာရင်း မိတ္တူတို့ကို နာယက ဦးဘသောင်း ဖုန်း-၂၂၁၇၈၀၊ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးစောလှ ဖုန်း-၂၉၈၈၂၇၊ တွဲဖက်အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း-၅၀၂၇၀၃၊ ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ အမှုဆောင် ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈နှင့် ဒေါ်ခင်သက်နိုင် ဖုန်း- ၃၇၁၇၂၀တို့သို့ ဖေဖော်ဝါရီ ၁၃ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။ (က-ပ)

မီးသတိပြု

## မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက(၃) (၁၉၆၉-၁၉၈၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ အတွက် ပထမအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က ယင်းကျောင်း မြညီလာခန်းမ၌ကျင်းပရာ အခမ်းအနားတွင်ပူဇော်ပွဲကျင်းပရေး ဂုဏ်ထူးဆောင်နာယက ဦးမြင့်စိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေးတို့ကလည်းကောင်း အသီးသီး အမှာစကား ပြောကြားကြသည်။ ထို့နောက် ကျောင်းသားဟောင်း ဦးမြင့်စိုးဝင်းမိသားစုက အလှူငွေကျပ် ၁၁ သိန်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက စုစုပေါင်းငွေကျပ် ၃၁ သိန်းတို့ကို လှူဒါန်းကြရာ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်း၊ အတွင်းရေးမှူး ဦးမြင့်ခိုင်နှင့် ကော်မတီဝင်များက လက်ခံယူကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(အောက်ပုံ)** (ကြေးမုံ)

## သွေးလွန်တုပ်ကွေးကာကွယ်ရေး ရေနုတ်မြောင်းများ ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၂၀**

လသာမြို့နယ် (၂)ရပ်ကွက် ၁၇လမ်း အထက်လမ်း၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၇နာရီက လမ်းတွင်းရှိ ရပ်မိရပ်ဖတို့၏ ထည့်ဝင်ငွေများဖြင့် ပတ်ဝန်းကျင်မှ သွေးလွန်တုပ်ကွေး ခြင်ကျားနှင့်အခြားရောဂါများ ဖြစ်စေသော ခြင်အန္တရာယ် ကင်းရှင်းရေး၊ လမ်းဘေးဝဲ၊ ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်၊ ခဲ၊ သဲနုန်းများ ဆယ်ယူ ရှင်းလင်းရေးတို့ကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဟိန်း ဦးဆောင်၍ လမ်းသာယာရေးအဖွဲ့ဝင်များ ပူးပေါင်းကြိုးကြပ် ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ (၄၁)

**နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်သော ပလက်ဝမြို့ ခရေလမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးမျိုးမင်းဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

# နိုင်ငံတော်အကြီးအကဲက ပြည်သူအားလုံး ကျန်းမာစွာဖြင့် သက်တမ်းပြည့်နေနိုင်ရေး၊ တိုင်းပြည်၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ်စွမ်းအားရှင်များ ပိုမိုတိုးတက်လာရေးအတွက် အမျိုးသားရေးမူဝါဒများ ချမှတ်ဆောင်ရွက်စေလျက်ရှိ

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ အခမ်းအနား ပထမပိုင်းကို အဆိုပါစက်ရုံရှေ့၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) စက်ရုံမှူး ဦးကိုကိုလွင်တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာ၌ ယခုစက်ရုံကြီးကို အင်ရောင်း၌ တည်ဆောက်ရသည့် အကြောင်းမှာ ပြည်သူ့ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများကို သင့်တင့်သော တန်ဖိုးများဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး၊ ပြည်တွင်းလိုအပ်ချက်များကို ပြည်ပမှတင်သွင်းနေမှုအား လျှော့ချရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ရေး၊ ဆေးဝါးထုတ်လုပ်မှု အတတ်ပညာများပြန့်ပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ရည်ရွယ်ကြောင်း၊ ပြည်တွင်းဆေးဝါးလိုအပ်ချက်ကို ယခုအင်ရောင်းဆေးဝါးစက်ရုံက ထုတ်လုပ်သည့် တစ်ခါသုံးဆေးထိုးအပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က ထုတ်လုပ်သည့် တစ်ခါသုံး ဆေးထိုးအပ်တို့ဖြင့် လိုအပ်ချက်၏ သန်း ၆၀ခန့်ကို ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း၊ အင်ရောင်းဆေးဝါးစက်ရုံ၊ ပြင်ဦးလွင် ဆေးဝါးစက်ရုံနှင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်) တိုးချဲ့တို့မှ သွေးကြောသွင်းဆေးရည် ထုတ်လုပ်သွားမည်ဖြစ်သည့်အတွက် လိုအပ်ချက် သန်း ၂၀ခန့်ကို ဖြည့်ဆည်းပေး သွားမှာဖြစ်ကြောင်း၊ နိုင်ငံလိုအပ်ချက်၏ ၄၂ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း၊ ထိုးဆေးသည်လည်း ယခုဆေးဝါးစက်ရုံ(အင်ရောင်း)၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(တိုးချဲ့)နှင့် (ပင်မ)ရန်ကုန်တို့ သာမက ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)တို့မှလည်း ထုတ်လုပ်ကြောင်း၊ ထို့ကြောင့် စုစုပေါင်း ၁၄၂ သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ လိုအပ်ချက်၏ ရာခိုင်နှုန်း ၇၀ ခန့်ကို ဖြည့်ဆည်းသွားနိုင်မည်ဖြစ်သည့်အပြင် အသက်ကယ်ဆေးများကိုလည်း ထုတ်လုပ်ပေးမှာဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပြည်သူအားလုံး ကျန်းမာစွာဖြင့် သက်တမ်းပြည့်နေနိုင်ရေး၊ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ်စွမ်းအားရှင်များ ပိုမိုတိုးတက်လာရေးအတွက် အမျိုးသားရေးမူဝါဒများ ချမှတ်ဆောင်ရွက်စေလျက်ရှိကြောင်း။

## တက်ရောက်အားပေးချီးမြှင့်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးချီးမြှင့်စဉ်။** (သတင်းစဉ်)

### စိတ်ချရသော ဆေးဝါးများဖြစ်

မိမိတို့ထုတ်လုပ်သည့် ဆေးဝါးများအားလုံးမှာ G.M.P (Good Manufacturing Practice) ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုနည်းစဉ်များအရ ထုတ်လုပ်သည်ဖြစ်၍ အရည်အသွေး အဆင့်အတန်းမြင့်မားကြောင်း၊ လက်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)မှ ထုတ်လုပ်သည့် ဆေးဝါးများသည် အရှေ့တောင်အာရှ၌ အကောင်းဆုံးအဖြစ် လက်ခံထားသည့် အခြေအနေရှိကြောင်း၊ အသစ်တည်ဆောက်သည့် ဆေးဝါးစက်ရုံများမှာလည်း မြန်မာနိုင်ငံဆေးဝါးစက်ရုံ(ရန်ကုန်)၏ Formula များအတိုင်း ထုတ်လုပ်နေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ရေရှည်သုံးစွဲခဲ့ပြီး ဖြစ်သည့်အတွက် အရည်အသွေးအနေဖြင့် စိတ်ချရသော ဆေးဝါးများဖြစ်ကြောင်း။

ဆေးဝါးသုံးစွဲပုံ အခြေအနေကို သုံးသပ်ကြည့်မည်ဆိုလျှင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် လက်ထက်များစွာ၌ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်) တစ်ရုံတည်းသာ ပြည်သူအားလုံး မှီခိုအားထားနေရသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ လူဦးရေတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးအတွက် ထပ်မံလိုအပ်လာသည့် ဆေးဝါးများကို ယင်းစက်ရုံတစ်ရုံတည်းနှင့် မည်သို့မျှ ဖြည့်ဆည်းနိုင်မှာ မဟုတ်ကြောင်း။

သို့ဖြစ်၍ ဆေးဝါးစက်ရုံ(ရန်ကုန်) တိုးချဲ့လုပ်ငန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းအောက်ရှိ ရန်ကုန်ဆေးဝါးစက်ရုံ၊ ပြင်ဦးလွင် ဆေးဝါးစက်ရုံ၊ အင်ရောင်း ဆေးဝါးစက်ရုံနှင့် ရေခါးစပီရူလိုင်းနား စက်ရုံတို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

### ထုတ်လုပ်လျက်ရှိ

အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် ယင်းဆေးဝါးစက်ရုံများအပြင် အခြားလူသုံးကုန်ပစ္စည်းထုတ် စက်ရုံများကိုလည်း ထိန်းသိမ်းထုတ်လုပ်လျက်ရှိကြောင်း၊ ယခုလောလောဆယ်ဆိုလျှင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်တွင် စက်ရုံပေါင်း ၁၆၂ ရုံရှိကြောင်း၊ ၁၉၈၈ ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ် အောက်တိုဘာအထိ စက်ရုံ၊ အလုပ်ရုံပေါင်း ၆၀ကို ထပ်မံတည်ဆောက် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ယခုထပ်မံတည်ဆောက်နေသည့် စက်ရုံ ၁၄ ရုံရှိကြောင်း၊ ထပ်မံညှိနှိုင်းနေသည့် စက်ရုံ ခြောက်ရုံရှိကြောင်း၊ အဆိုပါစက်ရုံများတည်ဆောက်ပြီးလျှင် စက်ရုံသစ် ၂၀ ထပ်မံတိုးလာမည်ဖြစ်ပြီး စက်ရုံပေါင်း ၂၀၀ နီးပါး ရှိလာမည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးခဲ့သည့် စက်ရုံများမှ ကုန်ကြမ်းပစ္စည်း အမယ်ပေါင်း ၁၀၀၀ ခန့် သုံးစွဲပြီး နေ့စဉ်ဆေးဝါးအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး စုစုပေါင်း ၈၀၀ကျော်ကို ထုတ်လုပ်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် မင်းစုကျေးရွာ မှ ဦးမင်းမင်းက အင်ရောင်းဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိရေးတို့ကို အထောက်အကူပြုသည့် စက်ရုံကြီးတည်ဆောက်ဖွင့်လှစ်ပေးခြင်း အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဆည်စက်မှုနယ်မြေရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)တွင် တစ်ခါသုံးဆေးထိုးအပ်နှင့် ဆေးထိုးပိုက်များ ထုတ်လုပ်မှု၊ သွေးကြောသွင်းဆေးရည်ပုလင်းများအား စစ်ဆေးခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ဝိုင်းဝန်းစောင့်ရှောက်ပေး

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို စက်ရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ဆေးဝါးလိုအပ်ချက်အရ ယခုဖွင့်လှစ်လိုက်သော ဆေးဝါးလုပ်ငန်းစက်ရုံမှထုတ်လုပ်သည့် ဆေးဝါးများသည် ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုနည်းစဉ်များဖြင့် ထုတ်လုပ်မည်ဖြစ်၍ အရည်အသွေးမြင့်မားမည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံဆေးဝါးစက်ရုံ(အင်ရောင်း)စက်ရုံ ဖွင့်လှစ်တည်ထောင်လိုက်သည့်အတွက် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါး ပစ္စည်းများကို လွယ်ကူစွာ ရယူသုံးစွဲ နိုင်မည်ဖြစ်ပြီး နယ်မြေဒေသရှိလူများအား အလုပ်အကိုင် အခွင့်အလမ်းများရရှိစေကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် ဤစက်ရုံ ရေရှည်အောင်မြင်စေရေးအတွက် ပြည်သူများကပါ ဝိုင်းဝန်းစောင့်ရှောက်ပေးရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) ကျောက်ဆည်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ် တစ်သိန်း၊ ကျောက်ဆည်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးအတွက် ငွေကျပ်တစ်သိန်း၊ ကျောက်ဆည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ငွေကျပ်တစ်သိန်း၊ ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွက် ငွေကျပ်တစ်သိန်းနှင့် ကျောက်ဆည်မြို့နယ် မင်းစု အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် တစ်သိန်းတို့ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Discussion Room ၌ တစ်ခါသုံးဆေးထိုးအပ်နှင့် ဆေးထိုးပိုက်များထုတ်လုပ်မှု၊ Palastic Bottle Blow Moulding ၌ သွေးကြောသွင်း ဆေးရည်ပုလင်းများအား စစ်ဆေးခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ စက်ရုံသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာအနီး၌တည်ရှိပြီး စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားမှာ တစ်ခါသုံးဆေးထိုးအပ် သန်း ၃၀၊ ၅၀၀ ml သွေးကြောသွင်း ဆေးရည်ပုလင်း (၂ဒသမ၅) သန်းနှင့် ထိုးဆေးသန်း ၅၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

**ပိုမိုဖြည့်ဆည်းနိုင်ရန်**

အဆိုပါစက်ရုံကို နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သည့် တစ်ခါသုံးဆေးထိုးအပ်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များ ပိုမိုဖြည့်ဆည်းနိုင်ရန် မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်းဒေသများသို့ ဆေးဝါးနှင့်ဆေးဝါးပစ္စည်းများကို လွယ်ကူစွာဖြန့်ဖြူးနိုင်ရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်များရရှိစေရန်၊ ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ရယူသုံးစွဲ၍ ဆေးဝါးထုတ်လုပ်မှု နည်းပညာအသိ ကြွယ်ဝစေရန်နှင့် ပြည်သူများ၏ ကျန်းမာရေးဆေးကုသမှု ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးရန်နှင့် လိုအပ်သော ဆေးဝါးများ ဖြည့်ဆည်းပေးရန်ဟူသည့် အချက်များပေါ် မူတည်သုံးသပ်ပြီး တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ❍ ကာကွယ်ရေးမှ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နယ်မြေခံ တပ်ရင်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းကိုင်မြို့နယ်အနေဖြင့် နယ်မြေဒေသ အေးချမ်းသာယာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိလာပြီဖြစ်ကြောင်း၊ ဆက်လက်၍ နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ လက်တွဲကြိုးပမ်းကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားပြီး မြို့နယ်အတွက် ရုပ်မြင်သံကြားစက်ကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နယ်မြေအေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး တပ်နယ်မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုမိန်းမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁-၂၀၀၈ (တနင်္လာနေ့)**

**၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း၁၄ ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၀၅ | ၆။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၂၀ | ၈။ | ပိုင်ကျုံရေထိန်းတံခါး |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | Grammar Made Easy. |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | Practice in Reading. |
| ၄း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ ) |
| ၅း၀၀ | ၅။ | အကပဒေသာ |
| ၅း၁၀ | ၆။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၂၅ | ၇။ | **"နောက်မကျရအောင်" (မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) (ဒါရိုက်တာ-ကြည်စိုး)** |
| ၅း၃၅ | ၈။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ |
| ၅း၄၅ | ၉။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၂။ | အလှရှာမယ်လှကမ္ဘာဝယ် |
| ၇း၀၀ | ၁၃။ | စက်မှုထုတ်ကုန် မုံရွာစက်မှုဇုန် |
| ၇း၁၅ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း-၁၆)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း-၁၈)** |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

## ✧ ကျောဖုံးမှ

သုတေသီများသည် လူသိများသည့် ဗီလီယမ်ခေါ်ဒိုင်ယာဇီပမ်ဆေးကို ကြွက်များတွင် စမ်းသပ်ထိုးနှံခဲ့သည်။ ကြွက်များတွင် အမှန်တကယ် နာကျင်မှုဝေဒနာကို ပျောက်ကင်းစေနိုင်သည်ကိုတွေ့ရှိခဲ့ကြသည်။ ထိုဆေးဝါးကို လူများတွင် အကျိုးအာနိသင်ဖြစ်မှု ရှိ၊ မရှိ စမ်းသပ်သွားရန် လိုအပ်လျက်ရှိသည်။ သို့သော် လူများနှင့်စမ်းသပ်ရာ၌မူ ကျောရိုးအတွင်း ဆေးထိုးသွင်း၍ စမ်းသပ်သည့်နည်းမျိုးကိုမသုံးဘဲ အခြားနည်းလမ်းကိုသုံးစွဲသင့်ကြောင်း ပညာရှင်များက ပြောကြားသည်။ ***အင်တာနက်။***

## နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

**မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။**

## လွင်မိုးခရီးသွားနေသည် မြိတ်ကျွန်းစုများဆီသို့ စတင်ရိုက်ကူးမည့်အစီအစဉ် မိတ်ဆက်ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၀

**ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် လွင်မိုး၏ "လွင်မိုးခရီးသွားနေသည်" ခရီးသွားဇာတ်လမ်းအစီအစဉ်မှ ဒုတိယပိုင်းဖြစ်သည့် "မြိတ်ကျွန်းစုများဆီသို့" ခရီးသွားဇာတ်လမ်း စတင်ရိုက်ကူးမည့်အစီအစဉ်နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ စာပေ စာနယ်ဇင်းမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်၊ ဗီဒီယိုအနုပညာရှင်များ၊ ယခုခရီးသွား ဇာတ်လမ်းအတွက် ပံ့ပိုးကူညီကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာရေးဆရာ ချစ်ဦးညိုက ခရီးစဉ်နှင့်ပတ်သက်၍ အဖွင့်ဂုဏ်ပြုစကား ပြောကြားသည်။ ဆက်လက်၍ သရုပ်ဆောင် လွင်မိုးက **"မြိတ်ကျွန်းစုများဆီသို့"** ခရီးသွားဇာတ်လမ်းရိုက်ကူးမည့် အစီအစဉ်အသေးစိတ်ကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုရိုက်ကူးမည့် ခရီးသွားဇာတ်လမ်းတွင် တနင်္သာရီတိုင်းအတွင်းရှိ ဒေသအသီးသီး၌ နေထိုင်ကြသည့် တိုင်းရင်းသားတို့၏ လူနေမှု ဓလေ့စရိုက်၊ ရိုးရာယဉ်ကျေးမှုများနှင့် ဒေသပတ်ဝန်းကျင် အခြေအနေတို့ကို ရိုက်ကူးပြသမည်ဖြစ်သည်။ ခရီးစဉ်အစကို ကုန်းလမ်းခရီးဖြင့် ရေးမြို့အထွက် "တနင်္သာရီတိုင်းမှ ကြိုဆိုပါ၏" ဆိုသည့်ဆိုင်းဘုတ်မှစတင်မည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ထားဝယ်၊ ပုလော၊ မြိတ်၊ တနင်္သာရီသို့ ခရီးဆက်ကာ မြိတ်ကျွန်းစုတစ်ဝိုက်ဒေသများသို့ သွားရောက် ရိုက်ကူးမည်ဖြစ်သည်။ ခရီးစဉ်အဆုံး ကော့သောင်းမြို့ ဘုရင့်နောင်အငူ၌ အဆုံးသတ်မည်ဖြစ်ရာ ခရီးစဉ်အစအဆုံး တစ်လခန့်ကြာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ခရီးစဉ်တစ်လျှောက်တွင် ထင်ရှားသည့် အဆောက်အအုံများ၊ လူပုဂ္ဂိုလ်များနှင့် ကျွန်းစုများကို မှတ်တမ်းတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်းသိရသည်။

**"လွင်မိုးခရီးသွားနေသည်"** မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များအတွက် Royal Myanmar Teamix၊ Max အချိုရည်၊ Banadryl ချောင်းဆိုးပျောက်ဆေးရည်၊ Cool သွားတိုက်ဆေး၊ Alpine သောက်ရေသန့်နှင့် TRI Men's and Ladie's Wears တို့က ပံ့ပိုးကူညီကြကြောင်း သိရသည်။

(ကြေးမုံ)

**ရုပ်ရှင်သရုပ်ဆောင် လွင်မိုးက မြိတ်ကျွန်းစုများဆီသို့ အပိုင်းစဉ်များရိုက်ကူးမည့် အစီအစဉ်များနှင့် ခရီးစဉ်လမ်းကြောင်းကို ရှင်းလင်းပြောကြားစဉ်။** (ကြေးမုံ)

## ကသစ်ပိုင်ဝိပဿနာအလုပ်ပေးတရားပွဲများ

**ရန်ကုန် ဇန်နဝါရီ ၂၀**

သနပ်ပင်မြို့ မန်းကျောင်းတိုက်နှင့် ပဲခူးမြို့ အောင်မင်းခေါင်ကုန်းမြေ ကသစ်ပိုင် ဓမ္မရိပ်သာကြီး၏ ဦးစီးနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဒုမ၏ တပည့်၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကဥ္စနသာရသည် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဇာဂရနှင့် ဘဒ္ဒန္တ သောဘိတတို့နှင့်အတူ ဖေဖော်ဝါရီ ၁၃ရက်မှ ၂၄ရက်ထိ နေပြည်တော်ပျဉ်းမနား အောင်သိဒ္ဓိကုန်းမြေ စိုးသန်းဝိဟာရကျောင်းတိုက်၊ ၂၅ရက်မှ မတ်၇ရက်ထိ လေသာကျောင်းတိုက်၊ ၁၀ ရက်မှ ၂၁ရက်ထိ သနပ်ပင်မြို့ မန်းကျောင်းတိုက်၊ ၂၃ရက်မှ ဧပြီ ၃ရက်ထိ ကျောက်တန်းမြို့နယ် တံတားမြို့ ဒက္ခိဏာရာမကျောင်းတိုက်၊ ၉ရက်မှ ၂၀ရက်ထိ ပဲခူးမြို့ အောင်မင်းခေါင်ကုန်းမြေ ကသစ်ပိုင်ဓမ္မရိပ်သာ၊ ၂၁ရက်မှ မေ ၂ရက်ထိ သနပ်ပင်မြို့နယ် ဇီးပင်ကျေးရွာ ပစ္ဆိမာရုံကျောင်းတိုက်၊ ၄ရက်မှ ၁၅ရက်ထိ နေပြည်တော်လယ်ဝေး ကွမ်းခြံကျေးရွာမြောက် ကျောင်းတိုက်၊ ၁၆ရက်မှ ၂၇ရက်ထိ နေပြည်တော်ပျဉ်းမနား ပထမမူလ ကသစ်ပိုင် ဓမ္မရိပ်သာတို့တွင် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ် တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က-ပ)

## စစ်မှန်သောအမျိုးသားနိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်လို မန္တလေးအနောက်မြောက်မြို့နယ်မှ NLD ပါတီဝင်နှစ်ဦးနုတ်ထွက်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်း မန္တလေးအနောက်မြောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းအဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်ကျော်ဝင်းနှင့် ဦးမြဒေါင်းတို့သည် ဇန်နဝါရီ ၁၉ရက်တွင်၎င်းတို့ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက် စာများရေးသားပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

၎င်းတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် စစ်မှန်သောအမျိုးသားနိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်လိုသဖြင့် ၎င်းတို့ဆန္ဒအလျောက် NLDပါတီမှအပြီးအပိုင် နုတ်ထွက်ပါကြောင်း ဖြင့်ဖော်ပြထားသည်။ (သတင်းစဉ်)

## ညောင်ရွှေမြို့နယ်တွင် သုံးမြွှာပူးမိန်းကလေးများအား အောင်မြင်စွာမွေးဖွားပေးနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စု ရေချမ်းကုန်းကျေးရွာနေ မအိ ၃၂ နှစ် (ဘ)ဦးစိုးသည် ၎င်း၏နေအိမ်၌ ဇန်နဝါရီ ၁၄ရက် ည ၁၀နာရီခန့်က ကိုယ်အလေးချိန် လေးပေါင်ရှိ မိန်းကလေးတစ်ဦးအား မွေးဖွားခဲ့သည်။ အဆိုပါ ကလေးမွေးဖွားပြီးနောက် အမြွှာပူးကလေးများကျန်နေသဖြင့် ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံသို့ ထပ်မံတက်ရောက်ခဲ့ရာ ဇန်နဝါရီ ၁၅ရက် နံနက် ဝ၁နာရီ မိနစ် ၂၀ခန့်တွင် ဆေးရုံ၌ ခုနစ်ပေါင် ရှစ်အောင်စရှိ မိန်းကလေးတစ်ဦးနှင့် သုံးပေါင် ရှစ်အောင်စရှိ မိန်းကလေးတစ်ဦးတို့ကို ထပ်မံမွေးဖွားခဲ့ရာ စုစုပေါင်းသုံးမြွှာပူးမိန်းကလေးများကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ ပြီး မိခင်နှင့်ကလေးများ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ရန်ကုန်-ကျိုက္ခမီ ခရီးသည်တင် မှန်လုံအမြန်ယာဉ် ကျိုက်ထိုမြို့အဝင်၌ တိမ်းမှောက်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၀**

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကျိုက္ခမီမြို့သို့ထွက်ခွာလာသော ယာဉ်အမှတ် ၉ခ/၁၃၇၆ရောင်နီထွန်း မှန်လုံအမြန်ယာဉ်သည် နံနက် ၁၁နာရီခန့်တွင် ကျိုက်ထိုမြို့အဝင်လက်ပြရွာအနီးသို့ ရောက်ရှိစဉ် အနက် (၁၀)ပေခန့်ရှိ လမ်းဘေးမြောင်းထဲသို့တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ခရီးသည်အမျိုးသား ၁၁ဦး၊ အမျိုးသမီး ၁၅ဦးနှင့် သံဃာတော်တစ်ပါးတို့သေဆုံးခဲ့ပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ကားတိမ်းမှောက်မှုဖြစ်ပွားရာသို့ ပြည်နယ်အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင် များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြပြီး ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄)ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄)တွင် ကိုကို(စက်မှု တက္ကသိုလ်)၏ 'ခွင့်လွှတ်ခြင်း' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ သတင်းဂျာနယ်များကို ဖျော်ဖြေရေးဂျာနယ်အသွင် ပုံစံပြောင်းရန်မရှိ၊ အခြေအနေပေးက သတင်းဂျာနယ်များပေါ်ထွက်လာဦးမည်ဟု တာဝန်ရှိသူက ပြောကြား၊ ပုဂ္ဂလိကဆေးခန်းသုံးစွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်းမရှိက ဆေးခန်း၏လုပ်ပိုင်ခွင့်ကို ပိတ်ပင်တားမြစ်သည်အထိအရေးယူမည်၊ မြန်မာလုပ်သား ၇၀၀ကျော် ဆော်ဒီက ပထမဆုံးခေါ်ယူ၊ ဧရာဝတီမြစ်ဆုံသို့ လာရောက်လည်ပတ်သူများပြား၊ အမေရိကန်လုပ်ငန်းခွင်များတွင် အလုပ်သင်အဖြစ် သွားရောက်လုပ်ကိုင်နိုင်ပြီ၊ မြို့တော်စည်ပင်မှ လေလံပေးထားသော အခွန်ကောက်လုပ်ငန်းများ သတ်မှတ်နှုန်းထက် ပိုမိုတောင်းခံပါက အချိန်မရွေးတိုင်ကြားနိုင်စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အောင်မြင်သူတစ်ဦးအကြောင်း'အလုပ်လုပ်ရင်း ပညာသင်ဖို့လိုမည်'ကို အောင်ချစ်ခင်(ပုတက်ဂျာနယ်)နှင့်တွေ့မေးခြင်း'၊ အလုပ်နှင့်ပညာရေး 'ဒူဘိုင်းသွား ဟိုတယ်ဝန်ထမ်း လုပ်မလား'နှင့် 'လက်ညှိုးကိုကွေးထားစမ်းပါ' ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်တော်လဲ ဒီမိုကရေစီလိုချင်တာပါပဲ'၊ ပါကစ္စတန် သမ္မတ ပါဗက်မူရှာရက်ဖ်နှင့် တွေ့ဆုံခြင်း အင်တာဗျူး ဆောင်းပါး နှင့်အတူ'တရုတ်ပြည်တွင်လုပ်သည်' အမှတ်အသား အများယုံကြည်လက်ခံမှုတိုးလာ၊ အများကြိုက်ဟု ထင်တိုင်း အများကအမြဲလက်မခံနိုင်၊ ထိုင်းစစ်ဦးစီးချုပ် အနုပွန်ပါအိုချင်ဒါက သက်ဆင်၏ဇနီးနှင့်ဆွေးနွေးလို၊ အချစ်မှိုင်းမိနေသည့် ဆာကိုဇီဝေဖန်ရေးဆရာများကိုရှောင်၊ အပစ်အခတ်ရပ်စဲမှုများမရှိလျှင် ငြိမ်းချမ်းမှုလည်းမရှိနိုင်၊ ပြင်သစ်ဝန်ကြီးဆီရောက်လာတဲ့ ထူးထူးခြားခြား စာတစ်စောင်၊ နိုင်ငံတွင်း အကျင့်ပျက်မှုများကို ဗီယက်နမ်နိုင်ငံ တိုက်ဖျက်မည်၊ တရုတ်တွင် ပလတ်စတစ်အသုံးပြုမှု ဇွန် ၁ရက်မှစ၍ ကန့်သတ်တော့မည်စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိ လိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ပခုက္ကူအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ စာပေအနုပညာဆုရသူများ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည် ဗိမာန်လမ်း ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံ၌ ဇန်နဝါရီ ၂၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက် ၇၅နှစ်အထက် အသင်းဝင်များ တက်ရောက်ကန်တော့ခံရန်နှင့် ၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အောင်လက်မှတ်မိတ္တူများ ပူးတွဲ၍ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ဒု-ဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂ နှင့် အသင်းတည်ရှိရာ ပခုက္ကူဓမ္မာရုံသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

အသင်း၏ နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်း မကြာမီထုတ်ဝေတော့မည်ဖြစ်၍ အသင်းဝင်များသည် မိမိတို့လက်ဝယ်ရှိ အသင်းနှင့် ပတ်သက်သည့် ဓာတ်ပုံ၊ စာရွက်စာတမ်း၊ မှတ်တမ်းများရှိပါက အသုံးပြုနိုင်ရန် ကော်မတီများနှင့် ဆက်သွယ်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (က-ပ)

**ဥတုရာသီ တောကိုမှီ၏**

## မှုခင်းသတင်းများ

### တောင်ကြီးမြို့ မြို့မဈေးတွင် ကုန်စုံဆိုင်တစ်ဆိုင်အား သော့တုဖြင့်ဖွင့်ဖောက်၍ ပစ္စည်းမျိုးစုံ ကျပ်လေးသိန်းကျော်ဖိုး ခိုးယူ

**ရန်ကုန် ဇန်နဝါရီ ၂၀**

တောင်ကြီးမြို့ မြို့မဈေး အပိုင်း(၃)ရှိ ဒေါ်စိမ်းမမ ရောင်းချသည့် ကုန်စုံဆိုင်တွင် ဇန်နဝါရီ ၁၆ရက် နံနက် ၃နာရီခန့်က အလူမီနီယံတံခါးကို သော့တုဖြင့် ဖွင့်ဖောက်၍ ပစ္စည်းများခိုးယူခံထားရသည်ကို စည်ပင်သာယာဈေးညစောင့်မိုးကျော်က စိစစ်တွေ့ရှိသဖြင့် တာဝန်မှူး ဦးလှမောင်ထံ သတင်းပို့တင်ပြခဲ့သည်။ ပစ္စည်းများခိုးယူခံရမှုနှင့် ပတ်သက်၍ စည်ပင်သာယာဈေးမှ တာဝန်ရှိသူများ၊ အမှတ်(၁)ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဈေးဆိုင်ပိုင်ရှင် ဒေါ်စိမ်းမမတို့က ဆိုင်ခန်းကိုသွားရောက်စစ်ဆေးခဲ့ရာ စားသောက်ကုန်မျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၆၉၃၀၀ မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တောင်ကြီးမြို့ အမှတ်(၁)ရဲစခန်းမှ (ပ)သတင်းချက် အမှတ် ၁၉/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အမှုဖွင့်အရေးယူထားသည်။

(သတင်းစဉ်)

### ဗီဒီယိုအခွေအငှားဆိုင်မှ ခိုးကူးခွေများဖမ်းမိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် ဟေမဝန်လမ်းရှိ သန်းဌေး (၃၃)နှစ်၏ ငွေလဝင်း ဗီဒီယိုအခွေငှားဆိုင်သို့ ဇန်နဝါရီ ၁၈ရက် ညနေ ၄ နာရီခွဲခန့်က မြို့နယ်တာဝန်ရှိသူများက သတင်းအရဝင်ရောက်ရှာဖွေခဲ့ရာ မြန်မာဇာတ်လမ်းခိုးကူးခွေ ၁၄၄ချပ်၊ မူပိုင်ကြေးပေးသွင်းထားခြင်းမရှိသော ဗွီစီဒီခွေအချပ် ၈၀ စုစုပေါင်း ၂၂၄ ချပ်အား သိမ်းဆည်းရမိခဲ့သဖြင့် သန်းဌေးအပေါ် ဒဂုံမြို့သစ်(တောင်ပိုင်း) ရဲစခန်းမှ(ပ)သတင်းချက်အမှတ် ၈၆/၂၀၀၈၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ)အရ အမှုဖွင့်အရေးယူထားသည်။

(သတင်းစဉ်)

### ရတနာများနှင့် ငွေသား သိန်း ၁၅၀ဖိုးခန့်ခိုးယူခံရ

**ရန်ကုန် ဇန်နဝါရီ ၂၀**

စိန်ရွှေရတနာ ပစ္စည်းမျိုးစုံနှင့် ကျပ်ငွေရောရာ ၁၂၅၀၀၀၀ ပါ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ဖိုးခန့် ခိုးယူခြင်းခံရ၍ ပျောက်ဆုံးသွားသည်ဆိုသော မှုခင်းတစ်ခု ဗဟန်းမြို့နယ်တွင် ဇန်နဝါရီ ၁၉ရက်က ဖြစ်ပွားခဲ့သည်ဟု သိရသည်။

မှုခင်းဖြစ်ပွားပုံမှာ ထိုနေ့နံနက် ၇နာရီခွဲခန့်တွင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် စက်မှု (၁) ဝန်ထမ်းအိမ်ရာနေ ဒေါ်ခင်အေးကြိုင် (၆၁) နှစ်နှင့် မိသားစုသည် နေအိမ်မှ အပြင်သို့သွားနေခဲ့သည်။ ထိုနေ့ ညနေ ၅နာရီခွဲတွင် နေအိမ်သို့ပြန်ရောက်သောအခါ နေအိမ်ဗီရို အတွင်းထည့်ထားသောစိန်၊ ရွှေရတနာမျိုးစုံနှင့် ငွေရောရာ ၁၂၅၀၀၀၀ပါ စုစုပေါင်း ငွေကျပ် သိန်း ၁၅၀ဖိုးခန့် ခိုးယူခံရ၍ ပျောက်ဆုံးနေသည်ဆိုကာ အရေးယူပေးရန် ဒေါ်ခင်အေးကြိုင်ကတိုင်တန်းသည်။

ဗဟန်းရဲစခန်းက (ပ) ၃၉/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀အရ ဇန်နဝါရီ ၁၉ရက်တွင် အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၃၁)

### မော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

မော်ဘီမြို့နယ် အမှတ်(၄)လမ်းဆုံရှိ သစ်တောစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၁၈ရက် ည ၁၀နာရီခန့်က တာဝန်ကျတောအုပ်ကြီး ဦးရဲနိုင်နှင့်အဖွဲ့သည် ကျော်ကြီး ၃၀နှစ် (ဘ) ဦးတင်ဝင်း (၃)လမ်း ပြည်တော်အေးရပ်ကွက် အောင်လံမြို့ မောင်းနှင်ပြီး ယာဉ်နောက်လိုက် သော်ဇင်ဦး ၂၀နှစ် (ဘ) ဦးမောင်ဖုန်း ဆန်တန်းရပ် (၂) လမ်း အောင်လံမြို့ လိုက်ပါလာသည့် တီအီးအမျိုးအစား အပြာရောင်ယာဉ်အား ရပ်တန့်စစ်ဆေးစဉ် ယာဉ်ပေါ်၌ ပဲစင်းငုံအိတ်များ၊ စက္ကူကပ်ထူ အဟောင်းတို့ဖြင့် ဖုံးလျက်တင်လာသော တရားမဝင်ကျွန်းခွဲသား နှစ်တန်ကျော်ခန့် တွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ပြီး မြို့နယ်ရဲစခန်းမှ ဥပဒေအရ အရေးယူရန် ဆောင်ရွက်လျက်ရှိသည်။

အလားတူ လှည်းကူးမြို့နယ် ဖောင်ကြီး တာဝန်ခံရုံးမှ တောအုပ်မြိုင်ရာဇာနှင့်အဖွဲ့သည် သတင်းအရ ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၁နာရီခန့်က ငမိုးရိပ်ဆည်တွင် ရှာဖွေစစ်ဆေးရာ ငမိုးရိပ်ဆည် ရေစက်နှင့် ဝါးတောအတွင်းမှ ပျဉ်းကတိုးတိုင်ငါးလုံး(ဝ ဒသမ ၇၁၃၂တန်)၊ ပျဉ်းကတိုးသစ်လုံး ၁၀လုံး (၁ ဒသမ ၈၉၅၄ တန်)၊ အခြားသားသစ်လုံး ခုနစ်လုံး (၁ ဒသမ ၄၉၅၂တန်)၊အခြား သစ်သားတိုင်တစ်လုံး(ဝ ဒသမ ၁၃၉၂ တန်)၊ အခြားသားခွဲသားနှစ်ချောင်း(ဝ ဒသမ ၁၅၉၆တန်)စုစုပေါင်း(၄ ဒသမ ၄၀၂၆ တန်)နှင့် ၁၈ရက် မွန်းတည့် ၁၂နာရီခန့်တွင် တောအုပ်စိုးလင်းနှင့်မြိုင်ရာဇာတို့အဖွဲ့သည် ဖောင်ကြီးကျေးရွာအုပ်စု ပန်းတောကုန်း အနောက်ဘက် တောစပ်အနီးမှ အခြား သစ်လုံးကိုးလုံး နှစ်တန်ခန့်အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းပညာပေးဆွေးနွေးစစ်ဆေး ခြင်းများကို အစဉ်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဆ/ကရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ နယ်မြေခံတပ်ခွဲမှူး ဦးသန်းအေးတို့ ပူးပေါင်းပါဝင်၍ ဆ/ကရပ်ကွက်ပြည်သူများ၏စည်းကမ်းများနှင့် သတ်မှတ်အချိန်ကာလ လိုက်နာ၍ မီးသုံးစွဲမှုအခြေအနေများအား လိုက်လံစစ်ဆေးကြစဉ်။

(က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနှာဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၅ | ၃။ အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၃၅ | ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၆။ မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၂၀ | ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| ၅း၃၀ | ၉။ ဗွီစီဒီကျော်ကြားတေးများ |
| ၅း၄၀ | ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ အမျိုးသားရေးတေးကဗျာ |
| ၆း၃၅ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၆၄)** |
| ၈း၀၀ | ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ မိုးလေဝသသတင်း |
| | ၁၈။ အမျိုးသားရေးတေးကဗျာ |
| | ၁၉။ မေးမြန်းစူးစမ်း |
| | ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်ချစ်သူရဲကောင်း (အပိုင်း-၂၆)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီး (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်၊ ရှမ်းပြည်နယ်) အား "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် ပီတိသောမနဿ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာ့ဒါယကာကြီး ကိုယ်စိတ် နှစ်ဖြာ ရွှင်လန်းစွာဖြင့် လောက၊ သာသနာ နှစ်ဖြာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မေတ္တာလောင်း၍ ဆုတောင်း ပတ္ထနာပြုလိုက်ပါသည်။

အလိုတော်ပြည့်မွှာစရိယတက္ကသိုလ်၌ သီတင်းသုံးလျက်ရှိသည့် နာယက, စာချ,
စာသင်သံဃာတော်များ အမှူးပြုသော ဓမ္မမိတ်ဆွေ ဒါယကာ, ဒါယိကာမများ

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်နေ
ဦးတင်ဝင်း–ဒေါ်မြင့်မြင့်ဖုံတို့၏သားထွေး
**မောင်ဇင်မင်းထွန်း** B.A(English) C.H Line S.A.
နှင့်
ရန်ကုန်တိုင်း၊ လှည်းကူးမြို့နေ
ဦးနီနီ–ဒေါ်မြင့်မြင့်စန်းတို့၏တစ်ဦးတည်းသောသမီး
**မဖြူသင်းနု** B.A(English)
တို့သည် ၂၀–၁–၂၀၀၈နေ့တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဇင်မင်းထွန်း–မဖြူသင်းနု**

## ထူးခြားသည့် ညအပူချိန်များ

( ၂၀–၁–၂၀၀၈ )

| | |
|---|---|
| နမ့်စန်နှင့် လွိုင်လင် | ၂ ဒီဂရီစင်တီဂရိတ်စီ |
| လားရှိုး | ၃ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၄ ဒီဂရီစင်တီဂရိတ် |

## လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့်

ဦးမြိုင်ဟင်း (Managing Director, Eagle Enterprise Co., Ltd) ၏ ဇနီး

**ဒေါ်နန်းဖူး**(Beauty Palace Co.,Ltd. **A 21 Beauty Soap**)

အား **"သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်"**

ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်နှင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်သိန်း + ဒေါ်ချိုချိုဝင်း (CHERRY XENO TRADING CO.,LTD)

## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် **စီမံထူးချွန်ဒုတိယဆင့်** ချီးမြှင့်ခြင်းခံရသော **အထက (၁)လှိုင် ကျောင်းသားဟောင်း ဦးဇော်ထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန)** နှင့် **အထက(၁)လှိုင် ကျောင်းသူဟောင်း ဒေါ်မော်မော်အေး(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး၊ နေပြည်တော်)** အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈) ဖြင့် **စီမံထူးချွန် တတိယဆင့်** ချီးမြှင့်ခြင်းခံရသည့်အတွက် အထက (၁)လှိုင် ငယ်သူငယ်ချင်း ကျောင်းသား/သူများမှ အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။ **အထက(၁)လှိုင် ၁၉၆၅–၁၉၈၅ခုနှစ် ငယ်သူငယ်ချင်း ကျောင်းသား၊ ကျောင်းသူများ**

## လှိုက်လှဲဝမ်းမြောက်ဝမ်းသာဂုဏ်ယူခြင်း

| | | | |
|---|---|---|---|
| * အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ | ဦးခင်မြင့် | * လူမှုထူးချွန်(တတိယဆင့်) | ဦးမြင့်ရွှေ |
| * သုဓမ္မမဏိဇောတဓရ | ဦးသိန်းရွှေ | * လူမှုထူးချွန်(တတိယဆင့်) | ဦးကျော်မိုးခိုင်(ခ)ဦးဘဲဥ |
| * သုဓမ္မသိင်္ဂီ | ဒေါ်သိန်းရင် | * လူမှုထူးချွန်(တတိယဆင့်) | ဦးဇော်လွင်ဦး |
| * သုဓမ္မသိင်္ဂီ | ဒေါ်ခင်သန်း | * လူမှုထူးချွန်(တတိယဆင့်) | ဦးသိန်းထွန်း(ခ)ဦးပြားကြီး |
| * သုဓမ္မသိင်္ဂီ | ဒေါ်မြအေး | * လူမှုထူးချွန်(တတိယဆင့်) | ဒေါ်မြင့်မြင့်သောင်း |

| | |
|---|---|
| သာယာဝတီသား | ထက်လူများတို့ |
| အစိုးရမင်း | ဘွဲ့တော်နှင်းသည် |
| ထူးပင်ချီးမြှောက် | ဝမ်းဂုဏ်မြောက်ပြီ |
| နိုင်သာလူကျိုး | ဆတက်တိုး၍ |
| ဆောင်နိုင်စေကြောင်း | ဆုမွန်တောင်းသည် |
| အောင်ရာအောင်မြေ | အောင်ကြစေ . . . |

**သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့ အမှတ် (၁၉)၊ ကမ္ဘောဇရိပ်သာ၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ **ဒေါ်မာမာ** ( **Jewel Rock Gems & Diamond** ) **စိန်ရတနာလုပ်ငန်းပိုင်ရှင်** အား နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရပါသဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် သာသနာ အကျိုးကို ဆတက်ထမ်းပိုး တိုး၍ သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ချစ်သောတူ/တူမများမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

| | |
|---|---|
| တူ | – ကိုအောင်လွင်အေး + ဒေါက်တာဇာနည်ထွန်းလွင် (စိန်စမွါယ်ဖူးစိန်တိုက်၊ မန္တလေး) |
| တူမ | – ကိုဖြိုးဝေအောင် + မကေသွယ်ဗိုလ် (**SISROOT** ကွန်ပျူတာလုပ်ငန်း၊ မန္တလေး) |
| တူမ | – ချမ်းငြိမ်းဆု (**University of Sydney - Australia**) |
| တူမ | – ဖူးပွင့်နိုင် (**YIUS**) |
| တူမ | – ချောနိုင်နိုင်ဆက် (**Grade-7 - YIEC**) |

## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/ ၂၀၀၈)ဖြင့် **ဒေါ်နန်းဖူး A-21 ဆပ်ပြာ**အား **"သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်"** ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးဝင်းနိုင် – ဒေါ်ဝေဝေမွန်
ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီ

## ရွှေမန်း ဦးသောဘိတ တရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀/တောင် (၁၁)ရပ်ကွက် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာနှင့် (၄၉) အဝါရောင် ကားဂိတ်အနီး ကန်ဦးကျောင်းတိုက်၏ ပဓာန နာယက နိုင်ငံကျော် ဓမ္မကထိက ရွှေမန်းဦးသောဘိတသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ အုပ်စု နတ်စင်အင်း သာသနာပြုတောရကျောင်းတိုက်တွင် ပြာသိုလပြည့်နေ့ညနှင့် လပြည့်ကျော် ၁ ရက် ညများတွင် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့၊ (၂၉)လမ်း၊ (၈၃-၈၄)လမ်းကြား၊ အမှတ်(၁၉၁)နေ
ဦးနီ-(ဒေါ်သန်းကြည်)တို့၏ စတုတ္ထသား
**မောင်အောင်လွင်** B.Arch.
General Manager (Asia World Co., Ltd.)
နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ်(၂၁၄)နေ
ဦးကျင်ဟုတ်-(ဒေါ်ရင်ရင်)တို့၏ သမီးကြီး၊
ဦးသန်းဦး(ရန်ကုန်တိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)-
ဒေါ်ကြည်တို့၏ တူမ
**မမိုးသူ** B.E. (Civil)
M.Sc. (Civil) NTU

တို့၏ ၂၀-၁-၂၀၀၈ ရက်တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လက်ဖွဲ့ပစ္စည်းများ ပေးပို့ကြသော ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်လွင်-မမိုးသူ**

## မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

၃-၁-၂၀၀၈ ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်အားလည်းကောင်း၊ ၅-၁-၂၀၀၈ ရက်တွင် ပုသိမ်မြို့၊ မြောင်းမြကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ၆-၁-၂၀၀၈ ရက်တွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့်ဇနီး ဒေါ်စန်းစန်းမော်၊ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၏ဇနီး ဒေါ်တင်တင်လတ်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများအားလည်းကောင်း၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဧည့်ပရိသတ်များအားလည်းကောင်း၊ မင်္ဂလာဆုတောင်းပေးပါသော ဦးဝင်းတင်၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော မတင်မိုးလွင်၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Sound Square တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ ဓာတ်ပုံကိုနိုင် (Cosmic Rays)နှင့် အဖွဲ့သားများ၊ မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးသော ဒါရိုက်တာ ရဲမြင့်သူနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော (စိန်ရွှေ အပ်ချုပ်ဆိုင်)နှင့် မဇူဇူ(Zu Zu Collection)၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာဆင်မြန်းသူ ခင်စန်းဝင်း၊ မင်္ဂလာပန်းအလှပြင် ကိုခင်မောင်ဝင်း၊ မင်္ဂလာပန်းကြဲပေးသော သရုပ်ဆောင်ပုလဲဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော ညီမငယ် မဇာခြည်ဆွေ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ညီမငယ် မြမိုးရည်၊ သတို့သားအရံ အဆိုတော်နှင့် သရုပ်ဆောင် ရဲလေး၊ ရသ၊ ဖေယျ၊ သတို့သမီးအရံ သရုပ်ဆောင် ဇင်ဇင်ဇော်မြင့်၊ သရုပ်ဆောင်နှင့် အဆိုတော် Jenny၊ ညီမငယ် အိပြည့်ဝင်း၊ ပုသိမ်ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရန်လင်းအောင်(ခ)လင်းရာ-မသင်းမြတ်လွင်**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မော်လမြိုင်မြို့၊ ဈေးကြို၊ ဆန်တန်းရပ်၊ မေတ္တာလမ်း၊ အမှတ်(၉/၃)နေ
ဦးသန်းအောင်-ဒေါ်ခင်စိန်မြင့်(ခ) Molly(ပြည်တော်အေးဆန်စက်)တို့၏သားကြီး
**မောင်ဆန်းထွဋ်အောင်** B.Sc.(Physics)
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ်(၃၉)နေ
ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်(ငြိမ်း)-ဒေါ်မြင့်မြင့်ဦးတို့၏သမီးကြီး
**မဇင်မာမိုးမြင့်** B.A. (English)
Diploma in Computer Art

တို့၏ ၁၉-၁-၂၀၀၈ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော အလှဖန်တီးရှင် မိတ်ကပ်အောင်အောင်(တောင်ကြီး)၊ မှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသော ဓာတ်ပုံအေးဇော်မိုး(စက်မှု)နှင့် ဖြိုးမိုးသိမ်း Studio အဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးသော မစုမြတ်ထွေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအေးသီရိသိန်းဆွေ၊ သတို့သားအရံ မောင်ပြည့်ထူးကျော်နှင့် သတို့သမီးအရံ မသက်သဥ္ဇာလတ်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**မောင်ဆန်းထွဋ်အောင်-မဇင်မာမိုးမြင့်**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၂၃)၊ ဒေါ်သိန်းတင်လမ်း၊
ဒေါ်နုဆေးတိုက်နေ ဦးခင်မောင်ဝင်း-ဒေါ်ဘောဘီ(ဘောဘီဆေးဆိုင်-
ဗိုလ်ချုပ်ဈေးသစ်)တို့၏ တစ်ဦးတည်းသော သား
**မောင်မျိုးမင်းဟန်**
B.Eng(Hons) Mechanical
National University of Singapore
နှင့်
ရန်ကုန်မြို့၊ အမှတ်(၇၀/ဘီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်နေ
ဒေါက်တာမောင်မောင်သွင်-ဒေါ်ခင်စောဝင်းမေတို့၏ သမီးငယ်
**မဇာခြည်စုစုသွင်**
B.Eng(Hons) Electrical
National University of Singapore

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၂-၇-၂၀၀၇နေ့တွင် Singapore နိုင်ငံ Register of Marriages တွင် ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပြီး ၄-၁-၂၀၀၈နေ့တွင် Singapore နိုင်ငံ Furama Riverfront Hotel (Venus Grand Ballroom)တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော မိတ်ဆွေအပေါင်းနှင့် သူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးမင်းဟန်-မဇာခြည်စုစုသွင်**

## ရန်ကုန်ပညာရေးတက္ကသိုလ် (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၆-၁-၂၀၀၈ရက်(စနေနေ့) နံနက် ၉နာရီ တွင် တက္ကသိုလ်များခမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဖက် ငယ်ပေါင်း မိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံ ကုသိုလ်ယူပွဲသို့ ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (၁) ဒေါက်တာလွင်လွင်စိုး ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း-၅၀၃၉၀၄၊ (၂)ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ (၃) ဦးအုန်းမြင့် ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း-၉၀-၈၀-၂၄၁၉၄၊ (၄) ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး(သင်ရိုး) (DEPT) ဖုန်း-၅၅၇၃၀၉၊ (၅)ဦးအောင်သွင် လ/ထညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း-၅၄၈၉၇၉၊ (၆)ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ (၇)ဦးသက်နိုင် လ/ထညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း-၂၁၂၉၇၄၊ (၈) ဦးကျော်ဝင်းမြင့် လ/ထညွှန်ကြားရေးမှူး(ပညာ)ဦးစီး(၃) ဖုန်း-၂၁၂၉၆၉ လိုင်းခွဲ(၂၀၃)၊ (၉) ဦးအေးကြိုင် (ရခိုင်ပြည်နယ်ပညာရေးမှူး) ဖုန်း-၀၄၃-၂၃၃၈၄၊ (၁၀)ဒေါ်ကြူကြူရွှေ ဦးစီးအရာရှိ ဦးစီး(၃)ဖုန်း-၅၅၄၉၆၄၊ (၁၁)ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂)တာမွေ ဖုန်း-၅၄၂၁၇၊ (၁၂) ဦးရှိန်းလိန်းအောင် (မြို့နယ်ပညာရေးမှူး သင်္ဃန်းကျွန်း) ဖုန်း-၅၆၄၂၁၁၊ (၁၃)ဒေါ်ခင်သန်းထွေး အထပ(ငြိမ်း) ဖုန်း-၂၉၃၃၆၃

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## လက်ထပ်ပြီးစီးခြင်း

ဦးမြင့်သောင်း-ဒေါ်ကြူကြူဝင်းတို့၏ သားကြီး
**မောင်လွှမ်းမိုးဝင်း**[Software Engineer, NEC.Solution Pte., Ltd.(Singapore)]
နှင့်
ဦးမျိုးညွန့်ကြီး-ဒေါ်ခင်ယောမေတို့၏ သမီးထွေး
**မသုနန္ဒာလှိုင်** B.C.Sc. (Q)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ Registry of Marriages Singapore ၌ ၁၇-၁-၂၀၀၈ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်လွှမ်းမိုးဝင်း-မသုနန္ဒာလှိုင်**

## အရှင်စန္ဒသာရ (ကျောင်းကုန်း)တရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင် ပရိယတ္တိ စာသင်တိုက်မှ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်မြတ်သည် မုံရွာမြို့ ညောင်ပင်စောက် ဓမ္မသဘင်တရားပွဲ၌ ဇန်နဝါရီ ၂၃ရက်နှင့် ၂၄ရက်တို့တွင် ညစဉ် ၇နာရီမှစ၍ တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း-၀၄၆-၄၀၄၉၈နှင့် ၀၉-၅၁၄၇၄၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## စာပေဟောပြောပွဲများကျင်းပ

## စာအုပ်စာစောင်များ

## ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)က ဦးစီး၍မိမိဇာတိမြေရှိ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတ တိုးပွားစေရန် ရည်ရွယ်လျက် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီ ခရိုင် လက်ပံတန်းမြို့နယ်အတွင်းရှိ ခမုံဆိပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဇန်နဝါရီ ၁၂ရက်တွင်လည်းကောင်း၊ သာရဝေါကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် သရက်ချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဇန်နဝါရီ ၁၄ရက်၌ လည်းကောင်း စာပေဟောပြောပွဲများကျင်းပရာ စာရေးဆရာကြီးများ ဖြစ်ကြသော မြစ်မခ ဦးထိန်ဝင်း၊ အောင်စည်ဟိန်း (ဗိုလ်မှူးကြီးအောင်သိန်း-ငြိမ်း)၊ ဂိုး-လှမောင်(မြို့မ)နှင့် သာရဝေါစိုးကြည်တို့က အသီးသီးဟောပြောကြသည်။

ထို့နောက် လက်ပံတန်းမြို့နယ်အသင်းက အဆိုပါ အထက်တန်းကျောင်း သုံးကျောင်းရှိ စာကြည့်တိုက်များအတွက်ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းနှင့် အခြားစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ (က-ပ)

## ရုံးချုပ် ရုံးခန်းသစ် တိုးချဲ့ဖွင့်လှစ်ခြင်း

**Father Land Construction & Decoration Co.,Ltd ၏** ရုံးခန်းသစ်ကို ဖော်ပြပါလိပ်စာအတိုင်း တိုးချဲ့ဖွင့်လှစ်လိုက်ပါသည်။ မိတ်ဟောင်း မိတ်သစ်များအနေဖြင့် လုပ်ငန်းများ အပ်နှံလိုပါက မူလရုံးခန်းနှင့် ရုံးခန်းသစ်သို့ ကြွလှမ်း၍ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တိုးချဲ့ဖွင့်လှစ်သည့်နေရာ - အမှတ်(၂၂၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
☎ - 204055, 204069, 298540, 394152, 394177, 382436.

## ဂီတအစည်းအရုံးဝင်များ နှစ်စဉ်ကြေးများပေးသွင်းရန် နှိုးဆော်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အမှုဆောင်ကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာနမှ ၂-၁၁-၂၀၀၅ရက်တွင် အသစ်ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်သည့်အချိန်မှ စ၍ ယခင်အဖွဲ့ဝင်ကတ်များကို ဖျက်သိမ်းပြီး အဆိုပြုလွှာအသစ်များ ဖြန့်ဝေကာ ဂီတအစည်းအရုံးဝင်များကို စည်းရုံးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ ပေးသွင်းထားသော နှစ်စဉ်ကြေးနှင့် ထုတ်ဝေပေးထားသော ကတ်ပြား(အပြာရောင်)များသည် ၂၀၀၇ခုနှစ်ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည်။ ဂီတအစည်းအရုံးဝင် နှစ်စဉ်ကြေးများကို ပညာရှင်များ တစ်လကျပ် ၁၀၀နှုန်း၊ ဝါသနာရှင်များတစ်လ ကျပ် ၅၀နှုန်းတို့ဖြင့် (၂၀၀၈/၂၀၀၉)အတွက် နှစ်စဉ်ကြေးများ ပေးသွင်း၍ အဖွဲ့ဝင်ကတ်ပြားအသစ်များ လဲလှယ်ကြပါရန် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

# ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်း၊ မိုင်းကိုင်နှင့် ကျေးသီးဒေသတို့၏ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် လင်းခေးခရိုင် ဟိုမိန်းမြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုမိန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကွန်ပျူတာခန်း၊ သင်ကြားသင်ယူမှုပြခန်းနှင့် ကျောင်းစာကြည့်ခန်းတို့၌ ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟိုမိန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တက်ရောက်ဆေးကုသမှု ခံယူနေကြသော လူနာများ၊ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဟိုမိန်းမြို့ ပြည်ထောင်စုခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် ထောက်ပံ့ပစ္စည်းများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိန်ထံသို့လည်းကောင်း၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးခွန်တိုးအောင်ထံသို့လည်းကောင်း၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇေယျထံသို့ လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဟိုမိန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်းကိုပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့သို့ရောက်ရှိကြပြီး မိုင်းကိုင်မြို့ နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုမှာကြားကာ စစ်သည်မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ပြီး

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ❍

## ဘေးထွက်ဆိုးကျိုးမရှိသည့် အကိုက်အခဲပျောက်ဆေး စမ်းသပ်တွေ့ရှိ

**အင်တာနက် ဆေးသိပ္ပံသတင်း**

လန်ဒန် ဇန်နဝါရီ ၁၇

**ဘေးထွက်ဆိုးကျိုးမရှိသည့် နာတာရှည်အကိုက်အခဲ ဝေဒနာကို ကုသနိုင်မည့်ဆေးဝါးကို သုတေသနပညာရှင် များက စမ်းသပ်တွေ့ရှိခဲ့သည်။ အများသုံးနေကျ သာမန်အကိုက်အခဲပျောက်ဆေးများသည် စွဲစေတတ်ခြင်း၊ ရေရှည်တွင် ဆေးချိန်တိုးသောက်မှသာ ရောဂါသက်သာခြင်း စသည့်ဘေးထွက်ဆိုးကျိုးများရှိသည်။ ယခုဆေးဝါးသစ်ကို ကြွက်များတွင် စမ်းသပ်ကြည့်ရာ ဘေးထွက်ဆိုးကျိုးမရှိဘဲ အကိုက်အခဲသက်သာစေသည်ကို တွေ့ရကြောင်း သတင်း၌ဖော်ပြထားသည်။**

လူများတွင် အလားတူ အကျိုးဖြစ်ထွန်းမှုမျိုး ရှိ၊ မရှိကို မသိရှိရသေးသော်လည်း ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်တက္ကသိုလ်မှ ဟန်စ်အူရစ်ချ်ဇီလ်ဟိုဖာ ဦးဆောင်သည့် သုတေသနအဖွဲ့က ယင်းဆေးမှာ အလားအလာကောင်းနိုင်သည်ဟု ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြထားသည်။ အဆိုပါဆေးသည် benzodiazepines ဆေးဝါးမျိုးတွင်ပါရှိကြောင်း၊ ယင်းဆေးသည် စိုးရိမ်သောကကို ကုသရာတွင်လည်းကောင်း၊ စိတ်ငြိမ်ဆေးအဖြစ်လည်းကောင်း တွင်ကျယ်စွာသုံးစွဲသော ဆေးအမျိုးအစားဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

**ဆေးဝါးစမ်းသပ်ရာတွင် အသုံးပြုသော ဓာတ်ခွဲခန်းသုံး ကြွက်ငယ်ကလေးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

**ကြေးမုံ The Mirror တို့**

## ကမ္ဘာပေါ်တွင် သွေးအများဆုံးလှူသူ

တောင်အာဖရိကနိုင်ငံမှ လိုင်ယွန်နယ်လီဝစ် ဆိုသူသည် ၂၀၀၆ခုနှစ် ဩဂုတ် ၂၉ ရက်က ၃၇၆ကြိမ်မြောက် သွေးလှူဒါန်းခဲ့ရာ အကြိမ်အများဆုံး သွေးလှူသူအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ ၎င်းသည် ရက်သတ္တ ခြောက်ပတ်တိုင်း သွေးလှူသည်ဟုဆိုသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

**VOA လိမ်နေသည်**

**RFA ရန်တိုက်ပေးနေသည်**

☆ **အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား**